
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မအိုစာ

စာတိုက်သေတ္တာအမှတ် (၁၉၇)

ရန်ကုန်မြို့။

အကြံပြုစာ ရေးသားပေးပို့သူ ပရိသတ်အားလုံးကို
လက်မှတ်ထိုးထားသောစာအုပ်လက်ဆောင်များ
ပြန်လည်ပေးပို့လျက်ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# မအိုစာ

# ရွှေမျက်နှာရှင်သခင်မ


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၅၁၀၁၂၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၄၈၂၁၂၁၁ |
| | | ပထမအကြိမ် |
| | | ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ |
| ထုတ်ဝေသူ | - | ဦးမောင်မောင်မြင့်အေး(လာဘ်မိုးစွေစာပေ) အမှတ် (၂၀၅-က)၊ ပိတောက် ၅-လမ်း၊ မြို့သစ် (၈)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - | ဦးကျော်ရင် (မြ-၀၅၄၁၇) ရွှေခြသေ့်ပုံနှိပ်တိုက် အမှတ် (၂၀၈)၊ (၃၁) လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - | Ma O' Sar |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | - | ရွှေမင်းသမီးစာပေ၊ ဖုန်း- ၀၉-၄၃၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄ |

၈၉၅-၈၃

မအိုစာ

ရွှေမျက်နှာရှင်သခင်မ / မအိုစာ - ရန်ကုန် ။

လာဘ်မိုးဆွေစာပေ၊ ၂၀၁၂

၁၆၈ စာ၊ ၁၃. ၂၁ × ၂၀. ၈၃ စင်တီ၊

(၁) ရွှေမျက်နှာရှင်သခင်မ


www.burmeseclassic.com

www.burmeseclassic.com

# ရွှေမျက်နှာသခင်မ

# မဒ္ဒီတာ

www.burmeseclassic.com

www.burmeseclassic.com

“ခရစ်နှစ် ၁၀၇ ခုနှစ်တွင် ပုဂံမင်းဆက်၏ ပထမဆုံးမင်းဖြစ်သည့် သမုဒ္ဒရာဇ်မင်းသည် ရွာ (၁၉) ရွာအား ပေါင်းစု၍ ပထမပုဂံ အဖြစ် တည်ထောင်ခဲ့၏၊

ထိုရွာ (၁၉) ရွာထဲတွင် မြေခဲတွင်း (ယခု) မြေသင်းတွင်းရွာသည် လည်း အပါအဝင်ဖြစ်ခဲ့၏၊

မြေခဲတွင်းရွာမှာ ညောင်ဦး-ကျောက်ပန်းတောင်း ကားလမ်း၏ အရှေ့ဘက် (၄) မိုင်အကွာ တောင်ဘရွာ၏ အရှေ့ဘက်၌ တည်ရှိ လေ၏၊

ထိုမြေခဲတွင်းရွာ၏ ထူးခြားချက်မှာ ရှေးအစဉ်အဆက် အမျိုးသမီး ကြီးများ အုပ်ချုပ်ခဲ့ကြပေ၏၊

၁၇၆၅ ခုနှစ် ဆင်ဖြူရှင်မင်းလက်ထက် နောက်ဆုံးစစ်တမ်းအရ ထိုမြေခဲတွင်းရွာအား ဆက်ခံခဲ့သော အမျိုးသမီးသူကြီးများမှာ ဒေါ်ငြိမ်သား၊ ဒေါ်စိ၊ ဒေါ်ဝေ၊ ဒေါ်အိမ်…တို့ ဖြစ်ကြောင်း သိရှိ လေ၏၊

စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com



(၁၉၂၃ . . ခုနှစ်) ကိုလိုနီခေတ်

သောင်ဦးမြို့ အပိုင်မှာရှိတဲ့ မြေခဲတွင်းရွာလေး**ဟာ** အမှောင်ထုကြီးစိုးပြီး တစ်ရွာလုံး တိတ်ဆိတ်နေတယ်။

မြေခဲတွင်းရွာသူကြီး အိုင်မြသင်တစ်ယောက် **ဘုရား** ဝတ်ပြုပြီးနောက် ရေနံဆီမီးခွက်လေးကို ဆွဲကိုင်ရင်း အိမ်**ခန်းရှိ** ရာ လျှောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com

သူကြီးအိုင်မြသင်ဆိုတာက အသက်ခြောက်ဆယ်ကျော် ဇရာအရွယ်ရှိ အဘွားကြီးတစ်ယောက် ဖြစ်သလို မြေခဲတွင်းရွာရဲ့ ရှေ့သူကြီး ဒေါ်အိုင်စံခရဲ့ လွှဲပြောင်းမှုအရ သူကြီးနေရာ ဆက်ခံခဲ့ရသူလည်း ဖြစ်တယ်။

သူကြီးအိုင်မြသင်တစ်ယောက် အိပ်စက်ဖို့အတွက် ရေနံဆီမီးခွက်လေးကို မှုတ်ဖို့ ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ ...

"အိုင်မြသင် ... အိုင်မြသင်၊

အိပ်ပြီလား ... အိုင်မြသင်"

ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

ဒါ့ကြောင့် သူမ မျက်မှောင်ကြုတ်သွားပြီး ...

"အချိန်မတော်ကြီး ဘယ်သူတုန်းဟေ့၊

တက်ခဲ့ ... တက်ခဲ့၊ ငါ မအိပ်သေးဘူး"

လို့ လှမ်းပြောရင်း အိမ်ရှေ့ထွက်ခဲ့တယ်။

ထိုအခါ အိမ်ပေါ်တက်လာတဲ့ ရွာသူအမျိုးသမီးကြီးတစ်ယောက်ကို မြင်လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ရေးကြီးသုတ်ပျာဟန်နဲ့ ဘယ်လို ဖြစ်လာတုန်း မိစံရဲ့၊ အထိတ်တလန့် ရှိလိုက် တာ"

မိစံဆိုတဲ့ အမျိုးသမီးဟာ အမောတကောလေသံကြီးနဲ့

"ကျုပ် ... ကျုပ်သမီး ဗိုက်နာနေလို့တော့၊ အဲ ... အဲဒါ အိုင်မြသင်ကို လာပြောတာ၊ လက် သည်လည်း အိမ်ရောက်နေပြီ"

လို့ ပြောလာတဲ့အခါ အိုင်မြသင်တစ်ယောက် လှုပ်လှုပ် းရှားဖြစ်သွားပြီး ...

"ဟင် ... ဒါဆို မွေးတော့မှာပေါ့၊ မဖြစ်ဘူး၊ မဖြစ်ဘူး ... ငါ အမြန်သွားမှဖြစ်မယ်၊ ဒါမှ ဘာလေးမွေးလဲဆိုတာ အရင်ဆုံး သိရမှာ"

လို့ ရေရွတ်ရင်း မိစံနဲ့အတူ အပြေးတစ်ပိုင်း လိုက်သွား ာယ်။

မိစံတို့တဲကို ရောက်တဲ့အခါ မီးနေသည်ရဲ့ အော်ဟစ်သံ ၊ွနဲ့အတူ လက်သည်ကြီးရဲ့ အားပေးနှစ်သိမ့်သံတွေကိုပါ

www.burmeseclassic.com

www.burmeseclassic.com


ကြားနေရတယ်။

အိုင်မြသင်ဟာ တဲအိမ်လေးထဲမှာ ရှိနေတဲ့ ရွာသူတချို့ကို လှမ်းပြီး ...

"ဟဲ့ ... မမွေးသေးဘူးလား၊ အခြေအနေရော ဘယ့်နှယ်လဲအေ့"

လို့ မေးလိုက်တဲ့အခါ ရွာသူတစ်ယောက်က ...

"ဟုတ်ကဲ့ သူကြီး ... မမွေးသေးပါဘူး၊ မိဝေက ဗိုက်က အကြီးကြီးဆိုတော့ မွေးရခက်နေပြီ ထင်ပါ့ရှင်"

"ဟဲ့ ... ဗိုက်က ကြီးတာနဲ့ မွေးရခက်တာ ဘာဆိုင်လို့လဲ၊ ဟဲ့ မိစံ ... ညည်းကလည်း သမီးမျက်နှာမြင်တဲ့ဟာ အဂ္ဂလိမာလသုတ်လေး၊ ဘာလေး ရွတ်ပါဟ၊ ငါ့လို အဖိုကြီးက နေရာတကာ လိုက်ပြောနေရတာ မဟုတ်သေးပါဘူးအေ"

အိုင်မြသင်းရဲ့အပြောကြောင့် မိစံမှာ သူမ ရသလောက်

www.burmeseclassic.com

 www.burmeseclassic.com 

ဘုရားစာကို ရွတ်ဖတ်လိုက်တယ်။

ဒီအချိန်မှာပဲ အိပ်ခန်းထဲက ကလေးငိုသံသဲ့သဲ့ကို ကြား လိုက်ရတယ်။

ကလေးငိုသံကြောင့် အိမ်သားတွေထက် သူကြီးအိုင်မြ သင်ဟာ အကြီးအကျယ် စိတ်လှုပ်ရှားသွားပြီး ...

မီးနေခန်းထဲ ပြေးဝင်ဖို့ ပြင်လိုက်တယ်။

ဒီအချိန်မှာပဲ လက်သည်ကြီးရဲ့ အထိတ်တလန့် အော် ဟစ်သံကို ကြားလိုက်ရတယ်။

"အမယ်လေးတော့် ... မိဝေ, မိဝေ မွေးတာ

အမြွာပူကြီး ... အမြွာပူကြီးတော့်"

ထိုအသံကြောင့် သူကြီးအိုင်မြသင်တစ်ယောက် ခေါင်း ထဲ မိုက်ခနဲ ဖြစ်သွားပြီး အရပ်ကြိုးပြတ်သူနှယ် ထိုင်ချလိုက်မိ တယ်။

အိုင်မြသင်ရဲ့မျက်နှာသည်ကား အကြီးအကျယ် ပျက် လျှက် ...။

□□□

www.burmeseclassic.com

www.burmeseclassic.com

"အိုင်မြသင်က ဘာလို့ မျက်နှာပျက်သွားတာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မိမိစံရဲ့သမီး မိဝေတစ်ယောက် အမြှာပူကလေး မွေးတဲ့ သတင်းက မြေခဲတွင်းတစ်ရွာလုံး အုတ်အော်သောင်းတင်း ဖြစ်သွားတယ်။

ရွာသားတောင်သူကြီးတွေဟာ ထိုသတင်း ကြားသိတဲ့ အခါ ...

"သူ့ကျွန်ဘဝကျရောက်လို့ စပါးကျေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ကျဆင်းနေပါမှ ရွာမှာ အမြွာပူးမွေးတဲ့လူက ပေါ်လာတယ်၊ ဒါဟာ ... မြေခဲတွင်းရွာအတွက် နိမိတ်ဆိုးပဲကွ၊ ကလေးမွေးဖွားတာ မင်္ဂလာ သတင်းဖြစ်ပေမယ့် အမြွာပူးမွေးတာ ... အ,မင်္ဂလာပဲ၊ ရွာမှာ စီးပွားရေး ဒီ့ထက်ပိုပြီး ကျပ်တည်းတော့မယ် ထင်ပါရဲ့ကွာ”

လို့ ညည်းညူကြသလို ...

“ကလေး အမြွာပူးမွေးတယ်ဆိုတာ ကြုံ တောင့်ကြုံခဲဖြစ်ရပ်ပဲ၊ လွန်ခဲ့တဲ့ ဆယ်နှစ် လောက်က ရွာမှာ အမြွာပူးမွေးခဲ့ခြင်းဟာ နောက်ဆုံးပါပဲ၊ သူ့ရင်းငှားသောဖဲ တို့ လင်မယားလေ ... ကလေးအမြွာပူးမွေးပြီး မကြာဘူး ... ရွာမှာ ဝမ်းရောဂါ ကပ်ဆိုးကြီး ဆိုက်လို့ သူတို့လင်မယားရော, ကလေးအမြွာ ပါ သေဆုံးခဲ့ရသလို ရွာက လူတွေလည်း အများအပြား သေကြေပျက်စီးခဲ့ရတယ်ကွဲ့”

www.burmeseclassic.com

www.burmeseclassic.com



လို့ လူကြီးပိုင်းမှ ပြောကြသလို ...

"ဟင် ... ဒါဆို ရွာမှာ ဘယ်လိုကံကြမ္မာဆိုး တွေ ကြုံရဦးမလဲ မသိဘူး၊ ကျုပ်တို့က လူငယ် တွေဆိုတော့ လူကြီးတွေ ပြောလို့သာ နား ထောင်နေရတာ၊ တခြားနေရာတွေမှာလည်း အမြွာပူးကလေးဆိုတာ ရှိကြမှာပါ၊ ဘာကြောင့် ကျုပ်တို့ရွာသားတွေနဲ့ သူကြီး အိုင်မြသင်က အမြွာပူးကလေးမွေးမှာ ရွာမှာ သိပ်ကြောက်နေ ရတာလဲ"

လူငယ်တစ်စုရဲ့ မေးစကားအဆုံးမှာ သူကြီးအိုင်မြသင် နဲ့ ရွာသူတချို့ဟာ ၎င်းတို့ရှိရာ လျှောက်လာတာ တွေ့လိုက်ရ တယ်။

အိုင်မြသင်က လူငယ်တွေကို မျက်နှာမသာမယာနဲ့ မျက်လုံးဝေ့ကြည့်ရင်း ...

"ငါနဲ့မြေခဲတွင်းရွာသားချည်း ကလေး အမြွာမွေးခြင်းကို ကြောက်ရွံ့ကြတာ မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒါဟာ လွန်ခဲ့တဲ့ ရှေးပဝေသဏီထဲက ပုဂံမြေမှာ တည်ရှိခဲ့တဲ့ အယူအဆတစ်ခုပါ၊ ဟိုး အတိတ်တစ်ချိန်က ... ပုဂံမင်းဆက် ငါးဆယ့်ငါးပါးရှိတဲ့အနက် ငါးဆယ့်နှစ်ယောက်မြောက် နရသီဟပတေ့မင်းလက်ထက်ကပေါ့ မင်းကြီးရဲ့ မိဖုရားတစ်ပါးဟာ အမြွှာပူးသား နှစ်ယောက်ကို ဖွားမြင်ခဲ့တယ်၊ မြန်မာဘုရင်တွေ အစဉ်အဆက် ကလေးအမြွှာမွေးဖွားခြင်းဟာ ကုသိုလ်ကံကောင်းခြင်းကြောင့်လို့ ယူဆခဲ့ကြသလို နရသီဟပတေ့မင်းကြီးဟာလည်း မိဖုရားက အမြွှာမွေးတဲ့သတင်းကြားတဲ့အခါ မင်းကြီးဟာ မွန်ဂိုတာတာတွေရဲ့ရန်ကို ကာကွယ်ဖို့ ဆောက်လုပ်နေတဲ့ ခံတပ်ကိုတောင် ဆက်မဆောက်တော့ဘဲ ရပ်တန့်ထားခဲ့ရတယ်၊ ဒါဟာ ... အမြွှာမွေးလို့ နိမိတ်မကောင်းဘူးဆိုတဲ့ အချက်ကြောင့်ပါပဲ၊ အဲဒီလို အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အရာ ရှိခဲ့သလို ရာဇဝင်မှာ ထင်ရှားကျော်ကြား ခဲ့တဲ့ အမတ်ကြီး ရာဇသင်္ကြန်ရဲ့သားတွေဖြစ် ကြတဲ့ အုတ်လုကြီးနဲ့ အုတ်လုငယ်တို့ဟာ လည်း တစ်ချိန်တည်း အမိဝမ်းက ကျွတ်ကြတဲ့ အမြွှာက လေးတွေပါပဲ၊ သူတို့နှစ်ယောက်လုံး ဘုရင်ရဲ့ အမှုတော်ထမ်းတွေ ဖြစ်ခဲ့ကြသလို အနန္တပစ္စည်းနဲ့ရန္တပစ္စည်းဆိုတဲ့ ဘွဲ့တွေကို တောင် ရှင်ဘုရင်ကိုယ်တိုင် ချီးမြှင့်မြှောက်စား လို့ ရခဲ့ကြတယ်၊ အနန္တပစ္စည်း ဘွဲ့ခံအုတ်လှေ ကြီးဟာ ဆရာတော်ရှင်ဒီသာပါမောက္ခ ဦးဆောင်တဲ့ တရုတ်ပြည်ဘွား ငြိမ်းချမ်းရေး အဖွဲ့မှာတောင် ပါခဲ့ပါသေးတယ်၊ ကလေး အမြွှာမွေးဖွားပို့ နိမိတ်မကောင်းဘူးဆိုတဲ့ အယူအဆဟာ ငါအိုင်မြသင်နဲ့ မြေခဲတွင်းရွာရဲ့ အစဉ်အလာ ယူဆချက်တစ်ခု မဟုတ်ဘူးဆို တာ သိထားကြပါ၊ ငါတို့ရဲ့မြေမှာ အုပ်ချုပ်စိုးစံ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ ရှေးမြန်မာမင်းတွေရဲ့ အစဉ်အလာ ယူဆ
ချက်တစ်ခုဆိုတာ အားလုံး မှတ်ထားကြပါ၊
ငါ့အနေနဲ့ကတော့ ရွာမှာ ကလေးအမြွာမွေးပြီး
ပြီဆိုတော့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ရ
တော့မှာပေါ့”
လို့ ပြောလိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

"သူတို့ ဘာလုပ်ကြမလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

**နောက်တစ်နေ့**ရောက်တဲ့အခါ ရွာသူတချို့မှာ အဝတ်အစားအသစ်များ ဝတ်ဆင်ပြီး အိုင်မြသင်ရဲ့အိမ်ကို ရောက်လာကြတယ်။

အိုင်မြသင်တစ်ယောက် အထက်ဆံအောက် အညိုရောင် ဝတ်စုံကို ဝတ်ဆင်ပြီး ကန်တော့ပွဲသုံးပွဲကို ပြင်ဆင်နေတယ်။

www.burmeseclassic.com

 www.burmeseclassic.com 

ရွာသားတွေဟာ အိုင်မြသင်းရဲ့ခြေတံရှည်အိမ်လေးပေါ် ရောက်လာတဲ့အခါ ...

"ဘွားလေး အိုင်မြသင် .. ကျုပ်တို့ ဘာများကူရဦးမလဲရှင်"

လို့ ပြိုင်တူမေးလိုက်ကြတယ်။

အိုင်မြသင်က ဖီးကြမ်းသုံးဖီးစီနဲ့ ပြင်ထားတဲ့ ကန်တော့ ပွဲအသီးသီးမှာ ကွမ်းယာများကို ထိုးစိုက်ရင်း ...

"ကူစရာလိုလောက်အောင် ပြည့်စုံနေပါပြီ လုံမတို့ရယ်၊ ကျုပ်တို့ သရုပါကို သွားရုံပဲ ရှိပါ တော့တယ်၊ လှည်းတွေရောဟော့ ... အသင့် ရှိ ပလား"

လို့ မေးလိုက်တယ်။

ဒီအခါမှာ ခြံဝိုင်းထဲ အသင့်ရောက်နေတဲ့ လှည်းဆရာ တွေက ...

"ဟုတ်ကဲ့ပါ ... အိုင်မြသင်၊ ကျုပ်တို့ အသင့်ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


လို့ လှမ်းဖြေလိုက်ကြတယ်။

ဒီနောက်မှာတော့ ရှာသူသုံးယောက်ဟာ ပွဲသုံးပွဲကို ခေါင်းထက် ရွက်ရင်း လှည်းရှိရာ ဦးတည်လိုက်ကြတယ်။

အိုင်မြသင်နဲ့ ရှာသူတွေ လှည်းပေါ်ရောက်တဲ့အခါ လှည်းသမားတွေဟာ နွားကို ကြိမ်တို့ရင်း စတင်ထွက်ခွာလိုက်ကြတယ်။

အညာဒေသရဲ့မြေနီလမ်းအထက် အိုင်မြသင်ဦးဆောင်တဲ့ လှည်းတွေဟာ ဖုန်တထောင်းထောင်းထအောင် မောင်းနှင်သွားတော့တယ်။

ပုဂံမြို့ရှိ သရပါတံခါးဝကို ရောက်တဲ့အခါ လှည်းတွေဟာ ရပ်တန့်သွားသလို ပွဲရွက်တဲ့ မိန်းမပျိုသုံးယောက်ဟာ လှည်းပေါ်မှ ဦးစွာဆင်းလိုက်ကြတယ်။

သူတို့ရဲ့နောက်က အိုင်မြသင် လိုက်ပါသွားပြီး သရပါတံခါးအနီးကို လျှောက်သွားကြတယ်။

သူတို့ဟာ ပွဲတွေကို မြို့တံခါးနံဘေးရှိ အုတ်ရိုးပေါ်တင်လိုက်ကြပြီး ဖယောင်းနံ့သာတွေကို ထွန်းညှိလိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

ပြီးတဲ့အခါ အိုင်မြသင်နဲ့ ရွာသူတွေဟာ မြေပြင်ထက် ပုဆစ်တုပ်ထိုင်ရင်း ...

"သရုပါမှာ သီတင်းသုံးတော်မူသော ပုဂံမြို့ကြီးနှင့် ပုဂံအပါအဝင် ရွာပေါင်းဆယ့်ကိုးရွာအား စောင့်ရှောက်တော်မူသော မင်းမဟာဂီရိဦးတင့်တယ်ရှင့် ... အကျွန်မျိုးမတို့ဟာ မင်းမဟာဂီရိနတ်ကြီးရဲ့ စောင့်ရှောက်မှုအောက်တွင်ရှိသော မြေခဲတွင်းရွာမှ ရွာသူများသာ ဖြစ်ပါတယ်၊ မဟာဂီရိနတ်ကြီးအတွက် ပွဲသုံးပွဲအား ဆက်သပါတယ်၊ လှူဒါန်းပါတယ်၊ ခုချိန်က စပြီး အကျွန်မျိုးမတို့ရဲ့ မြေခဲတွင်းရွာကို မကောင်းသော နိမိတ်ဆိုး ဘေးဥပဒ်အန္တရာယ်များ မကျရောက်လေအောင် စောင့်ရှောက်ပေးတော်မူပါ မဟာဂီရိနတ်မင်းကြီးရှင့်"

လို့ အိုင်မြသင်က တိုင်တည် ရေရွတ်လိုက်တယ်။

ပြီးတဲ့အခါ ငင်းတို့ဟာ ကန်တော့ပွဲမှာ စိုက်ထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



သပြေတစ်ခက်ကို နှုတ်ယူရင်း လှည်းဝင်းရိုးသံ တညံညံပေးပြီး သရုပါတံခါးကနေ ထွက်ခွာခဲ့ကြတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"သူတို့ ဘာလို့ တိုင်တည်ကြတာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

**မြေခွဲတွင်းရွာကို** ပြန်ရောက်ကြတဲ့အခါ ရွာစွန်ရှိ တပင်တိုင်နတ်ကွန်းဆီ ဦးတည်သွားကြ၏။

ရွာသူရွာသားများအားလုံး တပင်တိုင်နတ်ကွန်းမှာ စုရုံး ရောက်ရှိနေကြသလို အုန်းငှက်ပျောပွဲ အသင့်ပြင်ထားသာကိုပါ တွေ့လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရွာသူရွာသားတွေဟာ အိုင်မြသင်တို့ရဲ့ လှည်းတွေကို မြင်တဲ့အခါ ...

"ဟ ... သူကြီးတို့တောင် ရောက်လာကြပြီ၊ ခုချိန်ထိ မိပန် မရောက်သေးပါလား၊ သူကြီးတော့ ပြောတော့မှာပဲ"

လို့ တစ်ယောက်က ပြောလိုက်တယ်။

အိုင်မြသင်ဟာ လှည်းပေါ်က ဆင်းလိုက်ရင်း ...

"ရွှေမျက်နှာသခင်မ ပ,သဖို့ အားလုံး အသင့်ဖြစ်ရဲ့လား၊ နတ်ဆော်မိပန်ရော၊ မိပန် ဘယ်မလဲ"

လို့ မေးလိုက်တယ်။

"မိပန် မရောက်သေးပါဘူး အိုင်မြသင်၊ ကျုပ်တို့ အသေအချာ ပြောထားလျက်နဲ့ ဘာလို့ နောက်ကျနေလဲ မသိဘူးဗျာ"

ရွာသားတစ်ယောက်ရဲ့စကားအဆုံးမှာပဲ နတ်ဝတ်နတ် စား ဝတ်ထားတဲ့ လူတစ်ယောက် ဖုန်တထောင်းထောင်း ထ,

www.burmeseclassic.com

www.burmeseclassic.com



မတတ် ပြေးလွှားလာတာ တွေ့လိုက်ရတယ်။

နတ်ဝတ်နတ်စားနဲ့လူဟာ တပင်တိုင်နတ်ကွန်းရှေ့ရောက်တဲ့အခါ ...

"အမယ်လေးတော် ... ပြေးလာရတာ မောလိုက်တာ၊ တောင်းပန်ပါတယ် အိုင်မြသင်၊ ကျုပ် ဝမ်းပျက်နေလို့ နောက်ကျသွားတယ် တော့"

လို့ အသံစာစာနဲ့ ပြောလိုက်တယ်။

အိုင်မြသင်က နတ်ဆော်မိပန်ကို ဘာမှမပြောဘဲ အသင့်ခင်ထားတဲ့ သင်ဖြူးဖျာပေါ် ဝင်ထိုင်လိုက်တယ်။

ရွှေဝါရောင် နတ်ဝတ်စုံ ဝတ်ဆင်ထားတဲ့ မိပန်ဟာ တပင်တိုင်နတ်ကွန်းရှိရာ လျှောက်သွားတယ်။

ဒီအခါမှာ ရွာသားလူငယ်တစ်ယောက်က ...

"ဟော့ကောင် ယဉ် ... မင်းက ဝမ်းပျက်နေတာဆိုတော့ နတ်ကန်တော့လို့ ဖြစ်ပါ့မလား၊ မင်းမှ ကိုယ်မသန့်ဘဲ"

www.burmeseclassic.com

www.burmeseclassic.com



လို့ လှမ်းပြောလိုက်တဲ့အခါ နတ်ဆောင်မိပန်ဟာ မျက်နှာ ရှုံ့မဲ့သွားတယ်။

ထိုလူငယ်ကို ခါးထောက်လျက် လှမ်းကြည့်ရင်း ...

"တော်မသိဘဲ လျှောက်မပြောနဲ့၊ ကျုပ်က အစားသရမ်းလို့ ဝမ်းပျက်တာမဟုတ်ဘူး၊ ဟို ဘက်ရွာက ကောင်မ,လေ သူ့လင် နောက် မယားနောက် ပါသွားလို့ ငိုယိုပြီး သူ့ဆီ ပြန် လာအောင် ကျုပ်ကို အနောက်မယ်တော်နဲ့ အပ် ခိုင်းတာ၊ ကျုပ်လည်း သေချာတိုင်တည်ပြီး အပ်ပေးလိုက်တာပေါ့၊ အမယ်လေး ... အပ်ပေး ပြီး (၇) ရက်တောင်မကြာဘူး၊ သူ့လင်က သူ့ ဆီ ပြန်ရောက်လာတယ်လေ၊ လင့်မျက်နှာ လည်း မြင်ရော တစ်လောကလုံး မေ့ပြီး အနောက်မယ်တော်ကို ကိစ္စအောင်မြင်ရင် ပွဲ တင်ပါ့မယ်ဆိုတဲ့ ကတိကိုပါ မေ့သွားတယ်၊ ကျုပ်က လူနဲ့နတ်ကြားမှာ နတ်ဆောင်လုပ်ပေး

www.burmeseclassic.com

www.burmeseclassic.com



ရတာ မဟုတ်လား၊ ဒင်းက ကတိမတည်တော့ နတ်ကိုင်တော့ ကျုပ်ပဲ ခံလိုက်ရတယ်လေ၊ ကျုပ် ဝမ်းလျှောတာ ဒါကြောင့် ... ဒါကြောင့် သိပလား"

လို့ မျက်နှာထိ မျက်နှာထားနဲ့ ပြောလိုက်တယ်။

လေကြောရှည်နေတဲ့ နတ်ဆော်မိပန်ကြောင့် အိုင်မြသင်က ...

"ဟဲ့ ... မိပန် နေမွန်းလွဲတော့မယ်နော်၊ လုပ်စရာရှိတာ အမြန်လုပ်တော့"

လို့ လှမ်းပြောလိုက်တယ်။

ဒီအခါမှ နတ်ဆော်မိပန်ဟာ တပင်တိုင်နတ်ကွန်းရှိရာ လျှောက်သွားတယ်။

တပင်တိုင်နတ်ကွန်းဆိုတာက တိုင်တစ်တိုင်တည်းနဲ့ ဆောက်ထားတဲ့ နတ်ကွန်းဖြစ်သလို တိုင်လုံးမှာ အဝတ်စတစ်ခု ပတ်ထားတယ်။

နတ်ကွန်းမှာတော့ ရွှေပိန်းချထားတဲ့ မိန်းမမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ထုလုပ်ထားတယ်။

နတ်ဆော်မိပန်ဟာ နတ်ကွန်းမှာ ဖယောင်းနံ့သာ ထွန်းညှိပူဇော်လိုက်တယ်။

ပြီးတဲ့အခါ ကိုယ်ကို ယိမ်းနွဲ့ရင်း နတ်သံနှောပြီး ...

"သိုးကလေး ... သိုးကလေး ...

မဟာဂီရိရွှေမျက်နှာ ... ပုပ္ပားတောင်မြတ်ပါ

တောင်ထိပ်ဟေမဝါ ... ရနံ့မွှေးကြိုင်စွာ

ပန်းစံကားဝါ ... ဝင်းထိန်လို့ဝါ ...

သိုးကလေး ... သိုးကလေး ...

စကားဝါရောင်နှင့် ... နှိုင်းတင့်သင့်လျော်

ရဲရင့်သော မော်တင့်တယ် ... နှမ အသား

ဝင်ဝါ ... စောမယ်သာ ... ချစ်သူ ထွက်ပြေး

တိမ်းရှောင်"

အစချီတဲ့ နတ်ချင်းတစ်ပုဒ်ကို ရွတ်ဖတ်လိုက်တယ်။

နတ်ချင်း ရွတ်ပြီးတဲ့အခါ နတ်ဆော်မိပန်ဟာ လက်အုပ်ချီရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ကင်းခြောက်ပြစ်စင် ...

ကြော့ရှင်းမှုရာသွင်နှင့် ...

တကောင်းရှင်ဘုရင် ချစ်တယ်

မင်းမြတ်လှတွင် ... ပူပွားခွင်

တောင်စဉ်နယ် တစ်လွှား ...

ရွှေမျက်နှာသခင်မရယ် ... စိုးပိုင်သ,ပြား"

လို့ ရွှေမျက်နှာသခင်မကို ပင့်ဖိတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"နတ်ပင့်ချိန်မှာ ဘာဖြစ်မလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

"ရွှေမျက်နှာသခင်မရှင်" ...

အကျွန်မျိုးတို့ရဲ့ မြေခဲတွင်းရွာမှာ အခုဆိုရင် ဖြင့် ... ရှေးဘုရင်မင်းမြတ်တွေ လက်ထက်တော်ထဲက ယူဆခဲ့တဲ့ နိမိတ်မကောင်းတဲ့ ကလေးအမြွှာကို ရွာသူတစ်ဦးမှ ဖွားမြင်ခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သို့ပါ၍ ... အကျွန်ုပ်မျိုးတို့ရွာအား နိမိတ်

ဆိုး, ဘေးအန္တရာယ် မကျရောက်အောင် ကာ

ကွယ်တော်မူပါ ဘုရား၊ စောင့်ရှောက်တော်မူပါ

ရန် အုန်း, ငှက်ပျောအစုံအလင်နှင့် တောင်းပန်

အပ်ပါသည် ရွှေမျက်နှာသခင်မရှင့်"

နတ်ဆော်မိပန်မှာ ထိုသို့တိုင်တည်ရေရွတ်လိုက်ချိန်မှာ ပဲ ...

"သူကြီး ... သူကြီး အိုင်မြသင် ... လုပ် ...

လုပ်ပါဦးဗျို့"

ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

ရုတ်တရက်အသံဆကာင့် တိုင်တည်အပြီး ကန်တော့နေ တဲ့ နတ်ဆော်မိပန်ဟာ ဖင်မိုးထောင်မတတ် ကုန်းကန်တော့နေ ရာက လန့်ဖျပ်သွားသလို ...

တပင်တိုင်နတ်ကွန်းရှိ လူအားလုံး အထိတ်တလန့်ဖြစ် သွားကြတယ်။

အိုင်မြသင်ဟာ ထိုင်ရကာ ထရပ်လိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ငမိုး ... ရေကြီးသုတ်ပျာနဲ့ ဘာဖြစ်တာလဲ"

လို့ မျက်မှောင်ကြုတ် လှမ်းမေးလိုက်တယ်။

"မိ ... မိဝေ ဆုံးပြီ သူကြီး၊ အ ... အခုလေးတင်ပဲ"

ငမိုးရဲ့အပြောကြောင့် အိုင်မြသင်က ...

"ဟဲ့ ... ရွာမှာ မိဝေတွေက အများကြီးပဲဟဲ့၊ ဘယ်မိဝေလဲ"

"အာ ... သူကြီးကလည်း ... မနေ့က အမြွာမွေးတဲ့ မိဝေပေါ့ဗျ"

ငမိုးရဲ့စကားကြောင့် လူအားလုံး 'ဟာ' ...ခနဲ ဖြစ်သွားပြီး ရွာဘက်ကို အပြေးတစ်ပိုင်း ထွက်သွားကြတယ်။

အိုင်မြသင်ကိုယ်တိုင် စိုးရိမ်စိတ်နဲ့အတူ လှည်းကိုပင် မစောင့်နိုင်တော့ဘဲ ရွာဘက် အပြေးထွက်ခဲ့တယ်။

နတ်ဆော်မိပန်တစ်ယောက် နတ်ကွန်းရှေ့မှာ တစ်ယောက်တည်း ကျန်ခဲ့တဲ့အတွက် ...

www.burmeseclassic.com

www.burmeseclassic.com

"အမယ်လေးနော် ... လူတွေများ အကျိုးလိုလို့သာ ညောင်ရေလောင်းကြတာ၊ ပြီးရင်တော့ ... ဖုတ်ဖက်ခါပြီးတော့ သွားကြတာပဲ၊ ငါ့ကို နတ်ဆော်ခ,တောင် ပေးမသွားကြဘူး၊ ဟွန်း ... ပြောမပြောချင်ဘူး"

လို့ မကျေမနပ် ရေရွတ်လိုက်တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"မိဝေက ဘာလို့ သေတာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

ဘိုင်မြသင်နဲ့ ရှာသားတွေ ရောက်သွားတဲ့အခါ အော်ဟစ်တကြီး ငိုကြွေးနေတဲ့ ဒေါ်မိစံကို တွေ့ရတယ်။

"ဘယ်လိုဖြစ်တာလဲ မိစံရယ်၊ မနေ့ကပဲ ကလေးမျက်နှာ မြင်ထားသေးတယ်"

အအိုင်မြသင်ရဲ့အမေးကို လက်သည်ကြီး

www.burmeseclassic.com

www.burmeseclassic.com



က မျက်နှာမသာမယာနဲ့ ...

"ကျုပ် သူတို့ကို အတန်တန် သတိပေးထားတယ်၊ မီးတွင်းကာလမှာ အညှော်ကို ရှောင်ရမယ်လို့၊ ခုတော့ ကောင်းကြသေးလား၊ မိစံလေ ... အသက်ကြီးပြီး ဦးနှောက်မရှိဘူး၊ အိမ်မှာ မီးနေသည်ရှိတာ သိလျက်နဲ့ ငရုတ်သီး ညှော်တိုက်သတဲ့၊ ခုတော့ ... မိဝေခမျာ သွေးနုသားနုချိန်မှာ အညှော်မိပြီး ဆုံးရှာပြီ"

လို့ မချိတင်ကဲ ရေရွတ်လိုက်တယ်။

အိုင်မြသင်ဟာ တစ်ကိုယ်လုံး ဝါထိန်နေအောင် နနွင်း လူးထားတဲ့ မီးနေသည် မိဝေရဲ့ သားဆိပ်တက်သလို ဖောအစ် နေတဲ့ ရုပ်အလောင်းကိုကြည့်ရင်း စိတ်မကောင်း ဖြစ်သွား တယ်။

"ဖြစ်လာမှတော့ ဘာတတ်နိုင်ပါ့မလဲ၊ အသုဘအတွက် ပြင်ဆင်ဖို့ပဲ ရှိတော့တာပေါ့၊ အင်း ... မနေ့ကမှ လူ့လောကထဲရောက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကလေးအမြွှာတွေရဲ့ ကံကြမ္မာဟာ တယ်ဆိုးပါ လား၊ ဒင်းတို့ရဲ့ ဖအေကလည်း ဒင်းတို့ ဗိုက်ထဲမှာကတည်းက ရေနစ်လို့ သေရှာတယ်၊ ကဲ … ကဲ မိစံရေ ညည်းငိုနေရုံနဲ့ ညည်းရဲ့သမီးက ပြန်မရှင်နိုင်ဘူး၊ မိဝေက မီးတွင်းမှာ သေဆုံးတာဆိုတော့ တို့ရွာရဲ့ထုံးစံအရ သူ့ကို နေ့မကူးခင် သင်္ဂြိုဟ်မှရမယ်၊ ဟဲ့ … ဟိုအပျိုတွေ ရွာခေါင်းအဖွဲ့ကို သွားခေါ်စမ်း”

အိုင်မြသင်ရဲ့အပြောကြောင့် ရွာသူတချို့ဟာ ရွာခေါင်းအဖွဲ့ကို ခေါ်ဖို့ တဲအိမ်လေးပေါ်က ဆင်းလိုက်ကြတယ်။

ဒီအချိန်မှာပဲ ခြံ့ဝဆီမှ …

“ဟ … ဒီမှာ လူတွေ စည်လှပါလားဟ၊ ဟဲ … ဟဲ … မဟုတ်မှလွဲရော မိဝေတို့ ကလေး မျက်နှာမြင်တဲ့ အထိမ်းအမှတ်နဲ့ သာကူကျို တိုက်နေတာပဲ ဖြစ်ရမယ်၊ ဟော့ကောင်တွေ … တို့လည်း သွားသောက်ကြရအောင်ဟေ့”

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ရှာခေါင်းအဖွဲ့ရဲ့ အသံကို ကြားလိုက်ရတယ်။

ရှာခေါင်းအဖွဲ့ဆိုတာက ငါးယောက်တစ်ဖွဲ့ ဖွဲ့ထားတဲ့ လူပျိုကြီးအဖွဲ့။

သူတို့အားလုံး ပုဆိုးစွန်တောင်ဆွဲရင်း လူမှန်းမသိအောင် မူးနေကြပြီ။

"သွားခေါ်စရာမလိုတော့ဘူး သူကြီး၊ အဖေ

တို့အဖွဲ့ ရောက်နေပြီ၊ ဟိုမှာ ... ခြံထဲဝင်လာပြီ"

အပျိုတစ်ယောက်က အိုင်မြသင်ကို လှမ်းပြောရင်း တဲ ပေါ် ပြန်တက်လိုက်တယ်။

"ဗျို့ မိဝေ ... ငါတို့လည်း ကျွေးပါဦးဟ၊

ထန်းရည်မဝတာနဲ့ အတော်ပဲ၊ သာကူကျိုးလေး

"အဝသောက်ပြီးမှ ပြန်မှာနော"

ကြားလိုက်ရတဲ့အသံကြောင့် အိုင်မြသင်ဟာ ဒေါသ ထွက်သွားပြီး အနီးမှာရှိတဲ့ တံမြက်စည်းတုတ်ကို ကောက်ကိုင် လိုက်တယ်။

ရှာခေါင်းအဖွဲ့ ... တဲပေါ်တက်လာတဲ့အခါ ...

www.burmeseclassic.com

www.burmeseclassic.com


"ကျောင်းမှန်း ကန်မှန်းမသိတဲ့ ကောင်တွေ၊ အရိုပ်သုံးပါး နားမလည်တဲ့ ကောင်တွေ၊ သာ ကူကျိုတော့ မရဘူးဟေ့၊ အိုင်မြသင်လက်စာပဲ ရမယ်"

အိုင်မြသင်ဟာ ရှာခေါင်းအဖွဲ့ရဲ့ခေါင်းတွေကို တံမြက်စည်းတုတ်နဲ့ တိန်တိန်မြည်အောင် ခေါက်ထည့်လိုက်တယ်။

"အမယ်လေး ... သေပါပြီဗျ၊ နာတယ် သူကြီး ... နာတယ်ဗျ၊ ကျုပ်တို့ ဘာအပြစ် လုပ်မိလို့လဲဗျာ"

ရှာခေါင်းငဖေက ခေါင်းကို လက်နဲ့ပွတ်ရင်း မျက်နှာရှုပ်မဲ့ မေးလိုက်တယ်။

"ဒီမှာ ဘာဖြစ်နေသလဲ နင်တို့ သိရဲ့လား၊ မိဝေ သေပြီဟဲ့ ... သေပြီ၊ သူများတွေ သောက ရောက်နေတဲ့ဟာကို လာပြီး ငတ်ချင်တဲ့ကောင် တွေ သွား ... သချိုင်းသွားပြီး ကျင်းတူးကြစမ်း၊ မိဝေရဲ့အလောင်းကို နေ့မကူးခင် မြေချရမှာ"

www.burmeseclassic.com

www.burmeseclassic.com



အိုင်မြသင်ရဲ့စကားကြောင့် ရှာခေါင်းအဖွဲ့ဟာ မီးနေ သည်မိဝေရဲ့ ရုပ်အလောင်းကိုကြည့်ရင်း တုန်လှုပ်သွားကြ တယ်။

ရှာခေါင်းငဖေက မိဝေရဲ့အလောင်းကို ငေးစိုက်ကြည့် ရင်း ...

"ဖြစ်ရလေ မိဝေရယ် ... ငါ့မှာတော့လေ နင် ကလေးမွေးပြီးရင် ငါ့ရင်ထဲက ခံစားချက် တွေကို ဖွင့်ပြောပြီး နင်နဲ့ နင့်ကလေးတွေကို တစ်သက်လုံး စောင့်ရှောက်ပေးဖို့ ကြံစည်ခဲ့တာ ဟာ ... ခုတော့ နင်က ငါ့ကို ထားရစ်ပြီပေါ့၊ လောကမှာ ငဖေ့လောက် ကံဆိုးသူ ရှိပါ့ဦးမ လား၊ နင် တစ်ရွာသားကို ယူခဲ့တုန်းကလည်း ငါ ရူးမတတ် ခံစားခဲ့ရတယ်၊ ငါ့မှာ နင် ဗိုက် ကြီး,ကြီးနဲ့ လင်သေသွားလို့ မျှော်လင့်ချက် လေး ထားမိပါတယ်၊ ခုတော့ ... ဘယ်, ဘယ် တော့မှ ပြန်မလာနိုင်တဲ့ လမ်းကို နင် သွားရစ်

www.burmeseclassic.com

 www.burmeseclassic.com 

ပြီပေါ့ မိဝေရဲ့၊ အီး ... ဟီး ... ဟီး"

လို့ အသံပြဲကြီးနဲ့ ငိုချလိုက်တယ်။

ငဖေ့ရဲ့ ငိုချင်းချသံကြောင့် ဒေါ်မိစံတစ်ယောက်

မျက်နှာကြီး ရဲတက်သွားတယ်။

"ငါ့သမီးသေမှ မဖွယ်မရာစကားတွေ လာ

ပြောတဲ့ အကောင်၊ အရိုပ်သုံးပါး နားမလည်တဲ့

အကောင်၊ ငါ့အိမ်ပေါ်က ခုဆင်းစမ်း"

ဒေါ်မိစံရဲ့ကြမ်းကို တဘုန်းဘုန်းရိုက်ရင်း အော်လိုက်တဲ့

အသံကြောင့် အိုင်မြသင်က စိတ်မသက်မသာဟန်နဲ့ ခေါင်းခါ

ယမ်းလိုက်ရင်း ...

"ကဲ ငဖေ ... နင့်ကို သင်္ချိုင်းသွားဖို့ ငါပြော

နေတယ်၊ ညနေစောင်းတော့မယ်၊ အချိန် မရှိ

တော့ဘူး၊ သွားကြတော့"

လို့ ပြောလိုက်တော့မှ ငဖေတို့ လူစုဟာ ဒယီးဒယိုင်

ခြေလှမ်းတွေနဲ့ ထွက်သွားတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"မြေခွဲတွင်းရွာမှာ ... ဘာဆက်ဖြစ်မလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

မှောင်စပျိုးချိန်ရောက်တဲ့အခါ အိုင်မြသင်နဲ့ ရွာသူရွာသားတွေဟာ နန္ဒင်းရောင်ဝင်းထိန်နေတဲ့ မီးနေသည်ရဲ့ ရုပ်အလောင်းကို မြေချလိုက်ကြတယ်။

မိုးစုန်းစုန်းချုပ်ချိန်မှာတော့ ဒေါ်မိစံရဲ့ခြံဝိုင်းထဲ ကုလားဖျင်းထိုးထားသလို ခြံပတ်ပတ်လည်မှာ မီးတုတ်တွေ ထွန်းညှိ

www.burmeseclassic.com

 www.burmeseclassic.com 

ထားတယ်။

အိုင်မြသင်တစ်ယောက် မြေးနှစ်ယောက်ကို ငေးစိုက်ကြည့်ရင်း ငိုကြွေးသံမဆုံးနိုင်အောင်ဖြစ်နေတဲ့ မိစံကို တရားမမွှန်နဲ့ ဖျောင်းဖျစကားဆိုနေချိန် ...

ရွာခေါင်းအဖွဲ့နဲ့ ကာလသားတချို့ဟာ ဖဲဝိုင်းထောင်ဖို့ပြင်ဆင်နေကြသလို ... ရွာသူတစ်သိုက်ကတော့ ကွာစေ့နဲ့ ထန်းလျက်တွေကို စားသောက်ရင်း မိဝေနဲ့ ပတ်သက်တဲ့ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြောမဆုံးနိုင်အောင် ရှိနေကြတယ်။

လူပျိုကြီးငဖေတစ်ယောက် ခြံထောင့်ရှိ မန်ကျည်းပင်အောက် အရက်ပုလင်းထောင်ရင်း မျက်ရည်တွေတွေ စီးကျနေမိတယ်။

ရွာခေါင်းအဖွဲ့ရှိ ကျန်လူတွေဟာ ဖဲဝိုင်းမှာ စိတ်ဝင်စားနေကြတဲ့အတွက် ငဖေ့ကို ဘယ်သူမှ သတိမပြုမိကြဘူး။

'အူ .. အူ .. အူ .. အူ .. အူ'

အဝေးဆီက ပျံ့လွင့်လာတဲ့ ခွေးအူသံကြောင့် ငဖေဟာ အရက်ကို မော့ချရင်း လှမ်းကြည့်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com


အညာဒေသရဲ့လေပူတစ်ချက်က ဖော့ဝဲတိုက်ခတ်လာတာကြောင့် သူ့တစ်ကိုယ်လုံး ရှိန်းခနဲ ဖိန်းခနဲ ဖြစ်သွားတယ်။

'အူ .. အူ .. အူ .. အူ'

အဆက်မပြတ်ကြားနေရတဲ့ ခွေးအူသံကြောင့် ငမေဟာ ဘာက်တစ်ချက်ကို ခပ်ပြင်းပြင်းတောက်ရင်း ...

"တောက် ... ခွေးမသားတွေ သူကြီးပြောတဲ့ အရိပ်သုံးပါး နားမလည်ဘူးဆိုတာ ဒင်းတို့ကို ပြောတာ၊ ဒင်းတို့ အူနေတာနဲ့ မိဝေကို လွမ်းတဲ့ စိတ်လေးတောင် ကောင်းကောင်းမလွမ်းရဘူး၊ ဟော့ ... ငဖေ့ကို ဘာထင်သလဲကွ၊ မင်းတို့ အားလုံးကို ခုတ်သတ်ပစ်ပြီး ခွေးသားစွပ်ပြုတ် လုပ်စားပစ်မယ်ကွ၊ တွေ့ကြသေးတာပေါ့ကွာ၊ ငဖေ့လက်စွမ်း ဘယ်လောက်ထက်သလဲဆို တာ"

လို့ အရက်ရှိန်တက်ပြီး ကြုံးဝါးလိုက်တယ်။

ဒီနောက်မှာတော့ ငဖေတစ်ယောက် ပုဆိုးမ,ပြီး ခြေ

www.burmeseclassic.com

 www.burmeseclassic.com 

လှမ်းကျဲကြီးနဲ့ ထွက်သွားတော့တယ်။

မစို့မပို့လေး လင်းနေတဲ့ လရောင်အောက် ငဖေတစ်

ယောက် ခွေးအူသံကြားရာ မှန်းလျှောက်ခဲ့တယ်။

တဖွေ့ဖွေ့တိုက်ခတ်နေတဲ့ လေပူကြီးတွေကြောင့် အရက်

ရှိန် တရိပ်ရိပ်တက်ရင်း မြေပြင်နဲ့ခြေထောက် ထိတစ်ချက်

မထိတစ်ချက် ...

ခွေးအူသံတွေက တဖြည်းဖြည်း နီးကပ်လာသလို —

ငဖေ့ရဲ့ခြေထောက်တွေကလည်း ပိုမိုမြန်ဆန်လာ

တယ်။

ငဖေဟာ ခြံတိုင်တစ်ခုမှာ ထိုးစိုက်ထားတဲ့ ထင်းခုတ်

ဓားမကို ဆွဲနှုတ်ယူရင်း ဆက်လျှောက်ခဲ့တယ်။

ခွေးအူသံတွေ အကျယ်ကြီး ကြားရတဲ့အခါမှာတော့ မှိုင်း

ဝါးဝါးလရောင်အောက် ထိုးထိုးထောင်ထောင် ထွက်နေတဲ့

ကမ္ဘည်းတိုင်တွေကို တွေ့လိုက်ရတယ်။

အရက်ရှိန်တက်နေတဲ့ ငဖေတစ်ယောက် မည်းမည်းမြင်

ရတဲ့ ကမ္ဘည်းတိုင်တွေကို ...

www.burmeseclassic.com

www.burmeseclassic.com

"သေစမ်းကွာ ... သေစမ်း၊ နင်တို့အားလုံး

ကို ခွေးသားပေါက်ပစ်မယ်ကွ၊ သေကြစမ်း"

လို့ ကြုံးဝါးရင်း ခုတ်ထစ်လိုက်တယ်။

အမူးလွန်နေတဲ့ ငဖေတစ်ယောက် မြင်သမျှ ကမ္ဘည်း

တိုင်တွေကို လိုက်လံခုတ်ထစ်ရင်း မြေပုံတစ်ခုနဲ့ ခလုတ်တိုက်

မိပြီး ဓားလွတ်ကျသွားတယ်။

ဓားဟာ မြေပုံရဲ့ဘေးမှာ ရှိနေတဲ့ ချိုင့်ကြီးထဲ ကျသွား

ပြီး ဓားဖျားမိုးထောက်လျက် အနေအထားနဲ့ စိုက်သွားတယ်။

ငဖေဟာ လဲနေရာက ကုန်းရုန်းထလိုက်တယ်။

ဒီအခါမှာ ဝတ်ထားတဲ့ ပုဆိုးပြေသွားပြီး ပုဆိုးစနဲ့ ခြေ

ထောက် လုံးထွေးရင်း ချိုင့်ကြီးထဲကို မှောက်လျက်သား ပြုတ်

ကျသွားတော့တယ်။

ငဖေရဲ့ စူးစူးဝါးဝါး အော်ဟစ်သံက အမှောင်ညကို

အကျည်းတန်သွားစေတယ်။

"အား"

□□□

www.burmeseclassic.com

www.burmeseclassic.com

"မေမေ … သေပြီလား?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

**ဘာရက်ပုလင်း** ထောင်ရင်း ဖဲရိုက်တဲ့ ဖဲသမားတစ်ရ အတုံးအရုံး အိပ်ပျော်သွားစဉ်မှာပဲ အိုင်မြသင်ဟာ အော်သံသဲ့သဲ့ ကို ကြားလိုက်ရတယ်။

ဒါ့ကြောင့် ရင်ထိတ်သွားပြီး …

"မိစံတို့ … အပျိုခေါင်းတို့ လာကြပါဦးဟေ့"

www.burmeseclassic.com

www.burmeseclassic.com


လို့ အသံပြုလိုက်တယ်။

သူမရဲ့အသံကြောင့် ချက်ပြုတ်ရေးအဖွဲ့ကို သွားကြည့်နေတဲ့ အသုဘရှင် ဒေါ်မိစံနဲ့ ရွာသူတချို့ ပြေးတက်လာတယ်။

"ငါ အော်သံကြားလိုက်တယ်၊ သေရည်သောက်ပြီး အိပ်နေတဲ့ ကာလနဂါးတွေကို နှိုးလိုက်စမ်း ... သွား သွား"

ဒေါ်မိစံနဲ့ ရွာသူတွေဟာ အတုံးအရုံးအိပ်ပျော်နေတဲ့ ဖဲသမားတွေကို မရမက နှိုးလိုက်ကြတယ်။

"ဟဲ့ ရွာခေါင်းအဖွဲ့ ... ရွာထဲ သွားကြည့်ကြစမ်း၊ ငါ အော်ဟစ်သံ ကြားလိုက်တယ်"

သူကြီးအိုင်မြသင်ရဲ့စကားကြောင့် ရွာခေါင်းအဖွဲ့နဲ့ ဖဲသမားတချို့ဟာ လေးတိလေးကန် ခြေလှမ်းနဲ့ မီးတုတ်ဆွဲပြီး ထွက်သွားကြတယ်။

သူတို့ဟာ ရွာလမ်းတစ်လျှောက် ဝတ်ကျေတမ်းကျေ လိုက်လံကြည့်ရှုကြတယ်။

ရွာလမ်းနံဘေး နာရီဝက်မျှ ထိုင်ငိုက်ကြပြီးမှ အသုဘ

www.burmeseclassic.com

www.burmeseclassic.com


အိမ်ကို ပြန်သွားကြပြီး ...

"ဘာမှမတွေ့ခဲ့ဘူး အိုင်မြသင်၊ အကြားမှား
တာ ဖြစ်မှာပါ၊ တစ်ရွာလုံး အေးအေးချမ်းချမ်း
ပဲဗျ"

လို့ ပြောလိုက်ကြတယ်။

"အေးလေ ... ဘာမှမဖြစ်ရင် ပြီးတာပါပဲ၊
ငါ အကြားမှားတာပဲ ဖြစ်မှာပါ"

အိုင်မြသင်က ထိုသို့ပြောရင်း ရွာသားတွေကို ကြည့်ရင်း

"ဟဲ့ ... ငဖေတစ်ယောက် ဘယ်ရောက်နေ
လဲ၊ ရွာခေါင်းအဖွဲ့ရဲ့ခေါင်းဆောင်မို့လို့ နာရေး
မှာ အားကိုးရမလား မှတ်ပါတယ်၊ ဒင်က ...
ဘယ်ချောင်ထိုးကပ်နေလည်း မသိဘူး"

လို့ ရေရွတ်လိုက်တဲ့အခါ ငဖေရဲ့ သူငယ်ချင်း ငတိုးက

"သူ့တော့ နားလည်ပေးလိုက်ပါ သူကြီး
ရယ်၊ ခမျာ အလောင်းမြေချပြီးတည်းက တမှိုင်
မှိုင်နဲ့ဗျ၊ မိဝေက သူ တစ်ဖက်သတ်ချစ်ခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com

သူဆိုတော့ အရမ်းကြေကွဲနေပုံပဲဗျ၊ ညဦးပိုင်က
တော့ ဒီမှာ ရှိပါသေးတယ်”

လို့ ပြောလိုက်တဲ့အခါ အိုင်မြသင်ဟာ ဘာမှမပြောတော့ဘဲ ...

“ကဲ ... အရဏ်လည်း ပျို့တော့မယ်၊ ငါ
အိမ်ပြန်ပြီး ခဏနားလိုက်ဦးမယ်၊ မနက် ဘုန်း
တော်ကြီးတွေအတွက် ဆွမ်းအသင့်ဖြစ်ပစေ့
ဟော့”

လို့ ဆော်ဩရင်း အသုဘအိမ်က ထွက်သွားတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

"အိုင်မြသင်တို့ ဘာဖြစ်ဦးမလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

www.burmeseclassic.com

www.burmeseclassic.com

**နောက်တစ်နေ့** ဆွမ်းကပ်ပြီးချိန်မှာတော့ လူတစ်ယောက်ဟာ ရွာထဲကို အသည်းအသန် ပြေးဝင်လာပြီး ...

"အိုင်မြသင် ... အိုင်မြသင် အလောင်းကြီး ... အလောင်းကြီးဗျ"

လို့ ငယ်သံပါမတတ် အော်ဟစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com


အသုဘအိမ်ရှိ လူအားလုံး ခြံရှေ့ ပြေးထွက်ရင်း ထိုလူကို မြင်တဲ့အခါ ...

"ဘာအလောင်းလဲ၊ ဘယ်သူ့အလောင်းလဲ"

လို့ တစ်ယောက်တစ်ပေါက် အထိတ်တလန့် ဝိုင်းမေးကြတယ်။

"ဘယ် ... ဘယ်သူ့အလောင်းလဲတော့ မသိဘူး၊ ကျုပ် နွားကျောင်းရင်း နွားတွေ သချိုင်းထဲ ဝင်သွားလို့ လိုက်သွားတာ၊ ကျင်းကြီး ... ကျင်းကြီးထဲမှာ အလောင်းကြီးဗျ"

ထိုလူရဲ့အပြောကြောင့် အိုမြေသင်ဟာ မျက်မှောင်ကြုတ်သွားပြီး ...

"ဟဲ့ ငရှုးရဲ့ ... ကျင်းထဲမှာ အလောင်းရှိတာ ဘာဆန်းလဲ၊ ခွေးတွေ ဘာတွေ ယက်ရင်း ပေါ်လာတာ ဖြစ်မှာပေါ့"

လို့ ပြောလိုက်တဲ့အခါ ထိုလူက သွေးရူးသွေးတန်း အမူအရာနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"မ ... မဟုတ်ဘူး ... အလောင်းက ကျင်း ထဲမှာ မှောက်ခုန်ကြီးဗျ၊ ပု ... ပုဆိုးကြီး ကျွတ် နေတယ်"

လို့ ပြောချလိုက်တယ်။

သူ့စကားကြောင့် လူအားလုံး 'ဟာ' ...ခနဲ ဖြစ်သွားကြ ပြီး သင်္ချိုင်းဘက် ချီတက်သွားကြတယ်။

သင်္ချိုင်းရောက်တော့ ခွေးနှစ်ကောင်ဟာ မြေကျင်းတစ်ခု ဘေးမှာ အမြီးနှံ့ပြီး အနံ့ခံနေတာကို တွေ့လိုက်ကြရတယ်။

"ဟို ... ဟိုမှာ ခွေးတွေရှိတဲ့ ကျင်းပဲ၊ အဲ ... အဲဒီမှာ အလောင်းကြီးဗျ"

ရွာသားကြီးရဲ့လက်ညှိုးထိုး ပြောလိုက်တဲ့ အပြော ကြောင့် အိုင်မြသင်နဲ့ ရွာသားတွေဟာ မြေကျင်းအနီး ချဉ်းကပ် သွားကြတယ်။

သတ္တိကောင်းတဲ့ ရွာသားနှစ်ယောက်က ကျင်းထဲဆင်း ပြီး အလောင်းကို ဆွဲလှန်လိုက်တဲ့အခါ ...

"ဟာ ... ငဖေ ... ငဖေပါလား"

www.burmeseclassic.com

www.burmeseclassic.com



လို့ အထိတ်တလန့် ရေရွတ်လိုက်ကြတယ်။

ငဖေဆိုတဲ့ အသံကြောင့် သူတို့အားလုံး 'ဟင်' …ခနဲ ဖြစ်သွားကြတယ်။

ရင်ဝ ဓားစိုက်လျက် သေဆုံးနေတဲ့ ငဖေ …

လူအားလုံး အသံမျှပင် မထွက်နိုင်လောက်အောင် ငဖေ့ကို ကြည့်ရင်း မှင်တက်နေကြတယ်။

ဒီအခါမှာ ရွာသားလူငယ်တစ်ယောက်က …

"ဟို … ဟိုမှာ ကြည့်ပါဦးဗျ"

လို့ ငဖေ ပြုတ်ကျတဲ့ဘေးက မြေပုံကို လက်ညှိုးထိုး ပြောလိုက်တယ်။

လူအားလုံး လူငယ်ညွှန်ရာကို ကြည့်လိုက်တဲ့အခါ မီးနေသည်မိဝေရဲ့ မြေပုံကို တွေ့ရတယ်။

"မ … မဟုတ်မှလွဲရော … လူပျိုကြီးဦးဖေ ကို မိ … မိဝေ လိပ်ပြာနှုတ်သွားတာပဲ ဖြစ်မယ်"

ထိုလူငယ်ရဲ့အပြောကြောင့် အိုင်မြသင်နဲ့ ရွာသားတွေက မျက်လုံးပြူးသွားကုန်တယ်။

www.burmeseclassic.com

 www.burmeseclassic.com 

ငဖေရဲ့ သူငယ်ချင်းတွေက ကြေကွဲဆို့နင့်သံနဲ့ ...

"မဖြစ်နိုင်ဘူး၊ ငဖေ့ရင်ဝမှာ ဓားကြီးစိုက်ပြီး သေနေတာ၊ ဒါဟာ ငဖေ့ကို တစ်ယောက်ယောက် လုပ်ကြံသွားတာပဲ ဖြစ်ရမယ်၊ တောက် ... ငါ့သူငယ်ချင်းကို ရက်ရက်စက်စက် သတ်ဖြတ်သွားတဲ့ ကောင်ကို မြေလှန်ရှာရမယ်၊ တွေ့လို့ကတော့ တစ်ကိုယ်လုံး နုပ်နုပ်စဉ်းပစ်မယ်ကွ"

လို့ ကြွေးကြော်လိုက်တယ်။

သူကြီးအိုင်မြသင်ဟာ စိတ်မသက်မသာနဲ့ ခေါင်းခါယမ်းလိုက်ရင်း ...

"ငဖေဟာ ဆွေမဲ့မျိုးမဲ့ လူလွတ်တစ်ယောက်ဖြစ်တာကြောင့် သူ့အလောင်း မြေကျဖို့ ရပ်ရွာကပဲ တာဝန်ယူရတော့မယ်၊ ရွာရဲ့မလေ့အရ ရွာပြင်မှာ သေတဲ့အလောင်းကို ရွာထဲ သွင်းခွင့်မရှိဘူး၊ ဒီတော့ တွေက ရွာကျောင်းဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

ကို အကျိုးအကြောင်းပြောပြီး ပင့်လာခဲ့၊ ကျန်

ရှာခေါင်းအဖွဲ့က ငဖေ့အတွက် မြေကျင်းသာ

တူးကြပေတော့"

လို့ ပြောပြီး သက်ပြင်းချလိုက်မိတယ်။

ရွာသူတချို့ဟာ မျက်နှာမသာမယာဖြစ်နေတဲ့ သူကြီး

အား ...

"အိုင်မြသင်ကိုကြည့်ရတာ နေမကောင်း

သလိုပဲ၊ ညကလည်း အသုဘအိမ်မှာ ညလုံး

ပေါက် အနားမရဘူး၊ ပြန်နားလိုက်ပါလား

အိုင်မြသင်ရယ်၊ ဒီမှာ နေကလည်း တဖြည်း

ဖြည်း ပူလာပြီ"

လို့ ပြောကြတယ်။

တကယ်တော့ အိုင်မြသင်တစ်ယောက် ငဖေ သေဆုံးပုံ

နဲ့ ပတ်သက်ပြီး အကြီးအကျယ် ခေါင်းခဲနေရှာတယ်။

ငဖေဟာ သူများ-လုပ်ကြံလို့ သေဆုံးရခြင်းလား ...

မိဝေ ခြောက်လှန့်ပြီးပဲ လိပ်ပြာနှုတ်လို့ သေဆုံးရခြင်း

www.burmeseclassic.com

www.burmeseclassic.com

လားဆိုတာ တွေးမရအောင် ရှိနေတယ်။

မိဝေဆိုတာက နိမိတ်ဆိုးထတဲ့ ကလေးအမြွှာကို မွေးဖွားပြီး သေဆုံးခဲ့ရသူ မဟုတ်လား။

ထိုအကြောင်းတွေကို တွေးတောရင်း သူမ ခေါင်းတစ်ခုလုံး ပွင့်ထွက်မတတ် အုံခဲလာတယ်။

ဒါ့ကြောင့် ရွာသူတွေကို ဘာစကားမှမပြောဘဲ ရွာဘက် ပြန်ထွက်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

# "ရွာသားတွေ ဘာကြုံရဦးမလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

www.burmeseclassic.com

www.burmeseclassic.com

ညအချိန် . . .

မြေခဲတွင်းရွာမှာ အသုဘနှစ်ခု ဆက်သွားတာကြောင့် တစ်ဖက်ရွာရှိ လူများကပါ ဖဲဝိုင်းထိုင်ဖို့ ရောက်လာကြတယ်။

သေသူနှစ်ဦးဖြစ်ကြတဲ့ မီးနေသည် မိဝေနဲ့ လူပျိုကြီး ငဖေတို့ဟာ အိမ်ချင်း မျက်စောင်းထိုးဖြစ်တာမို့ ဖဲသမားတွေဟာ

www.burmeseclassic.com

 www.burmeseclassic.com 

အိမ်နှစ်အိမ် ကူးချည်းသန်းချည် လုပ်ရင်း ပွဲတော်ကြီး တွေ့နေကြတယ်။

ရှာခေါင်းအဖွဲ့မှာပါတဲ့ ငတိုးဟာ အချစ်ဆုံးသူငယ်ချင်းရဲ့ အသုဘမှာ ဖဲဝိုင်းနားတောင် မကပ်နိုင်ရှာဘူး။

တောအရက်ကို အိုးလိုက်ချပြီး နွားတင်းကုပ်ဘက်မှာ တစ်ကိုယ်တော် အရက်ဝိုင်းဖွဲ့နေမိတယ်။

သူငယ်ချင်းဖြစ်သူအတွက် ယူကျုံးမရစိတ်တွေကို အရက်နဲ့ ဖြေဖို့ ကြိုးစားရင်း မျက်ရည်တွေတွေ စီးကျနေရှာတယ်။

ညဥ့်နက်လာတဲ့အခါမှာတော့ ငတိုးရှိရာကို ဖဲဝိုင်းကလူတစ်ယောက် ရောက်လာပြီး ...

"ဟေ့ကောင်ကြီး ငတိုးရ ... ငြိမ်လှချည်လားကွ၊ ဖဲချိုးက ဖဲဝိုင်းနားတောင် မလာနိုင်တော့ ... ဟဲ ဟဲ ... မနက်ဖြန်တော့ တို့အညာမှာ ရေကြီးမယ့်ကိန်းပဲဟေ့၊ ဘာဖြစ်နေတာလဲကွ"

www.burmeseclassic.com

www.burmeseclassic.com


လို့ ပခုံးပုတ်ရင်း မေးလိုက်တယ်။

"ငါ့စိတ်ထဲမှာ ဖေဖေသေတာကို မယုံနိုင်အောင် ဖြစ်နေတယ်ကွာ၊ ငါ ဘယ်လိုမှ မဖြေနိုင်ဘူး၊ ဖေဖေဟာ လုပ်ကြံခံရတာ သေချာတယ်၊ ငါ လူသတ်သမားကို တွေ့အောင်ရှာပြီး ... လက်တုံ့ ပြန်ချင်တယ်၊ ငါ့သူငယ်ချင်း သေသလို ဒင်းကို အသေဆိုးနဲ့ သေအောင် လုပ်ပစ်မယ်ကွ"

ဒီအခါမှာ ဖိုးသမားလှစံက ခေါင်းခါယမ်းလိုက်ရင်း–

"ဘာ ... ဖေဖေက သူများသတ်လို့ သေတာမှ မဟုတ်ဘဲကွ၊ မီးနေသည်က လိပ်ပြာနုတ်သွားတာဆို၊ မင်းတို့တစ်ရွာလုံး လက်ခံထားတဲ့ကိစ္စကို မင်းက ဘာလို့ သူများသတ်လို့ သေတယ်လို့ ထင်ရတာလဲ၊ ဟဲ ... ဟဲ ... ဒါနဲ့ မေးရဦးမယ်ကွ၊ အဲဒီ မီးနေသည်က ဖေဖေ အရှုံးအမှုံးစွဲလမ်းနေရလောက်အောင် တော်တော်လှလို့

www.burmeseclassic.com

www.burmeseclassic.com



လားကွ ... ဟော"

လို့ မေးလိုက်တဲ့အခါ ငတိုးက အရက်တစ်ခွက် ငှဲ့ပေး ရင်း ...

"လုံးကြီးပေါက်လှပါပဲကွာ၊ အပျိုတုန်းက တော့ ရွာရဲ့ ကွမ်းတောင်ကိုင်ပေါ့၊ သတော့ တစ်ကိုယ်လုံး ဝါထိန်ပြီး ဖောအစ်အစ်ကြီးနဲ့ သေတာကွ၊ အလကားကောင် ငဖဲ ... ဦးနှောက် မရှိလို့ ကလေးနှစ်ယောက်အမေ မုဆိုးမကို ရှုံးခဲ့တာကွ၊ ရော့ ... သောက်ကွာ"

လှစံက အရက်ခွက်ကို တစ်ရှိန်ထိုး မော့ချလိုက်တယ်။

"ဟ ... မင်းအရက်က တယ်ပြင်းပါလားကွ၊ ငါတို့ရွာဘက်မှာဆို ဒီလိုအရသာမျိုး မရဘူး၊ ရေရောတွေချည်းပဲကွ၊ လုပ်စမ်းပါဦးကွာ၊ နောက်တစ်ခွက်"

လှစံဟာ ငဖဲသောက်တဲ့ အရက်ပြင်းတွေကို တစ်ခွက် ပြီး တစ်ခွက် တောင်းသောက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရေချိန်ကိုက်သွားတဲ့အခါ ကောင်းကောင်းတောင် မရပ်နိုင်ရှာတော့ဘူး။

"ကဲ ... သောက်လို့တော့ ကောင်းပါရဲ့ကွာ၊ ဒါပေမဲ့ ... ပြန်မှဖြစ်မယ်ကွ၊ အေ့ ... ငါ့မိန်းမက မိုးလင်းထိ မနေရဘူးလို့ မှာလိုက်တယ်၊ ဟော့ ကောင် ... မင်း ငါ့ကို ရွာထိပ်ဘက် လိုက်ပို့စမ်းကွာ၊ အေ့"

လှစံရဲ့ လျှာလေးအာလေးသံနဲ့ ပြောတဲ့စကားကို တိုးက ...

"ပို့ရမှာပေါ့ကွာ၊ ငါ့ကို အဖော်လုပ်ပြီး ဝိုင်းသောက်ပေးတဲ့ သူငယ်ချင်းကို၊ အေ့ ... မင်း တအားမူးနေပြီ၊ ငါ့ကိုဖက်ပြီးလိုက်ခဲ့"

လို့ ပြောရင်း ခြေဗလာနဲ့ နှစ်ယောက်သား ဖက်ယှက်ပြီး ထွက်သွားကြတယ်။

ရေချိန်လွန်နေတဲ့ တိုးတို့နှစ်ယောက် သိုင်းနွှင်နင်း ခြေလှမ်းတွေနဲ့ ရွာလမ်းအတိုင်း လျှောက်ခဲ့ကြတယ်။

www.burmeseclassic.com



ရွာထိပ်လမ်းခွဲကိုရောက်တော့ ...

"ကဲ ... သူငယ်ချင်းလှစံရေ ပြန်ပေဦးတော့၊ ပြန်ရဲရဲ့လားကွ ... အော့ ... ဟော့ ... ဟော့"

"အာ .. မင်းကလည်း လှစံပါကွ၊ ကိုးတောင်ကျားလို အင်အားသတ္တိအပြည့်ရှိတဲ့ ကောင်ပါကွ၊ ထို့ ... သူငယ်ချင်း မင်းပြန်တော့ ... ရပြီ ... ရပြီ"

အမူးသမားနှစ်ယောက်မှာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန နှုတ်ဆက်ရင်း ဒယီးဒယိုင် ခြေလှမ်းတွေနဲ့ ကျောခိုင်းလိုက်ကြတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

www.burmeseclassic.com

www.burmeseclassic.com

**ရှံတစ်ယောက်** မကြာခဏ ကျွတ်ထွက်သွားတဲ့ ဖိနပ်ကို လက်မှာညှပ်ရင်း ကပေါက်တိ ကပေါက်ချာတွေ အော်ဟစ်ပြီး လျှောက်သွားတယ်။

"ထွီ ... ညံ့လိုက်တဲ့ ငဖဲကွာ၊ နန္ဒင်းရောင်ဝါ ထိန်နေတဲ့ မီးနေသည်ကိုများ ချစ်ကြိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့၊ ဘာတဲ့ ... ခုနက အကောင်တွေ ပြောတာ မီးနေသည်မရဲ့ အသုဘချတဲ့ညမှာ ငဖဲကြီး ငိုနေသတဲ့ ... ဟား ဟား၊ ကြောက် ကောင်၊ ယောကျ်ားမဟုတ်တဲ့ကောင်၊ ငါနဲ့များ နေရာချင်း လဲလိုက်ချင်ပါ့ကွာ၊ ပျော့ညံ့လို့ လည်း အစိမ်းမက သူ့လိပ်ပြာကို ကွဲ ...ခနဲ နှုတ်သွားတာ ... အေ့ ... အေ့"

လှံစံဟာ သူပြောချင်တာတွေ လျှောက်ပြောရင်း သိုင်း ကွက်နင်းလျှောက်သွားတယ်။

ရွာနှစ်ရွာကြား ရိုးပြတ်ကြီးအရောက်မှာတော့ ... တစ်စုံတစ်ခုနဲ့ အပြင်းအထန် ဝင်တိုက်မိသွားသလို ကိုယ်ကို မထိန်းနိုင်ဘဲ အရှိန်နဲ့ နောက်ပြန်လဲကျသွားတယ်။

လှံစံဟာ မြေပေါ်လက်ထောက်ရင်း ...

"ဘယ်ကောင်လဲကွ၊ ဖယ်စမ်း ... ငါ့ရှေ့က ဘာလဲ၊ ငါ့ကို ဆောင့်တွန်းပြီး ရန်စတာလား ကွ၊ ရွာလူမိုက် လှံစံတဲ့ကွ၊ ဘာမှတ်သလဲ ...

www.burmeseclassic.com

www.burmeseclassic.com



အောင်မယ် ... အောင်မယ်၊ ရန်စတုန်းက စပြီး

ခုမှ ဘာထိုင်လုပ်နေတာလဲကွ၊ ဟော့ကောင် ...

မပြေးနဲ့၊ လှစံ လာပြီကွ"

လို့ လျှာလေးသံကြီးနဲ့ အော်ဟစ်လိုက်တယ်။

လှစံရဲ့ အရက်ခိုးဝေနေတဲ့ မျက်လုံးထဲမှာတော့ အမျိုး အမည်ကွဲပြားတဲ့ လူတစ်ယောက် ကျောပေးထိုင်နေတာ တွေ့နေရတယ်။

လှစံဟာ မြေပေါ်လေးဘက်သွားရင်း ...

"မပြေးနဲ့ကွ ... မပြေးနဲ့၊ လှစံရဲ့လက်သီး

ဘယ်လောက်ပြင်းသလဲ မြည်းကြည့်စမ်း၊ လာ

ခဲ့စမ်း"

လို့ ကြုံးဝါးပြီး ပခုံးကို လှမ်းကိုင်လိုက်တယ်။

ဒီအခါမှာ ကျောပေးနေသူဟာ ဆံပင်ဖရိုဖရဲချထားတဲ့ မိန်းမတစ်ယောက်ဆိုတာ သိလိုက်ရတယ်။

သူ ... ကိုယ်ကို ဆွဲလှည့်လိုက်ပေမယ့် ...

သူပဲ အမူးလွန်လို့လား၊ ဘာကြောင့်လဲတော့ မသိဘူး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က မရွှေ့ဘဲ ခေါင်းကြီးပဲ လှည့်လာသလို ခံစားလိုက်ရတယ်။

လှစံတစ်ယောက် မျက်လုံးကို ပွတ်သပ်ပြီး ကြောင်အမ်းကြည့်နေတုန်းမှာပဲ ...

ဆံပင်တွေကြားကနေ ကြောက်မက်ဖွယ် မျက်နှာကြီးတစ်ခုကို 'ဘွား' ... ခနဲ တွေ့လိုက်ရတယ်။

မျက်နှာတစ်ခုလုံး ဝါထိန်ပြီး ... မျက်လုံးရဲကြီးတွေနဲ့ မျိုးကြည့်နေတဲ့ မိန်းမတစ်ယောက်။

ထိုမြင်ကွင်းကြောင့် လှစံတစ်ယောက် အသက်ထွက်မတတ် ထိတ်လန့်သွားပြီး ...

"အောင်မယ်လေးဗျ ... သ ... သရဲမ၊ မျက် ... မျက်နှာဝါဝါကြီးဗျ၊ အ ... အမယ်လေး ... ကယ်ကြပါဦးဗျ"

လို့ အသံကုန်အော်ဟစ်ရင်း နောက်ပြန်လှည့်ပြေးတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက် မြေခဲတွင်းရွာရဲ့ ရွာလမ်းအတိုင်း အသံကုန်အော်ဟစ်ရင်း ပြေးဝင်လာတယ်။

လမ်းတစ်နေရာအရောက်မှာတော့ အရက်ရှိန်ကြောင့်လား ကြောက်စိတ်ကြောင့်လားမသိဘူး ... မြေပေါ် ဒိုင်းခနဲ ပစ်လဲကျသွားတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

အိုင်မြသင်နဲ့ ရွာသားတွေ ရွာလမ်းအတိုင်း အပြေးအလွှားလာကြတဲ့အခါ လှစံကို မြင်တွေ့သွားကြတယ်။

ဖဲသမားတွေဟာ လှစံကို ကြည့်ရင်း ...

"ဒီလူ ဘာဖြစ်တာလဲဟ၊ အိမ်ပြန်တော့မယ် ဆိုပြီး ထပြန်သွားတာ သူ့ရွာမရောက်ဘဲ ... ကျုပ်တို့ဆီ ပြန်ရောက်လာတယ်၊ အရက်နံ့က လည်း မွှန်နေတာပဲဟော့၊ ဒီလူက မိန်းမ သိပ် ကြောက်ရတာ ကျုပ်သိတယ်၊ သူ့မိန်းမကြီးက သူ အပြန်နောက်ကျလို့ ရိုက်နက်လွှတ်လိုက်လို့ များ အရက်သောက်ပြီး ကျုပ်တို့ရွာ ပြန်လာ တာလားမသိဘူး"

လို့ ပြောဆိုပြီး လှစံရဲ့ကိုယ်ကြီးကို ဝိုင်းမလိုက်ကြတယ်။

ထိုအဖြစ်ကြောင့် အိုင်မြသင်ဟာ အကြီးအကျယ် စိတ်ရှုပ်ထွေးသွားပြီး ...

"ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် လူမှန်း

www.burmeseclassic.com



မသိအောင် မူးရူးပြီး အံဖတ်ဆို့သေရင် ငါ့ရွာ

အမှုပတ်ဦးမယ်၊ သူ့ကို ငါ့ခြံထဲ သယ်သွားကြ၊

ဆရာတုတ်ကြီးကိုပါ သွားပင့်ခဲ့ကြဟေ့”

လို့ ပြောဆိုရင်း အိမ်ဘက်ပြန်လျှောက်သွားတယ်။

ရွာသားတွေဟာ လှစံကို သူကြီးအိမ်ရဲ့ ကွပ်ပျစ်ပေါ်

တင်လိုက်ကြတယ်။

ဆေးဆရာတုတ်ကြီးရောက်လာတဲ့အခါ လှစံရဲ့နားထဲ

ရှောက်သီးရည် ညှစ်ချသလို ပါးစပ်ဟပြီး ရှောက်ရည်ချပေး

လိုက်တယ်။

“ကျုပ်တို့ မူးရင် အိမ်က မိန်းမက သံပုရာ

ရည် ညှစ်တာဗျို့၊ ဆရာတုတ်ကြီးက ရှောက်

ရည်ညှစ်တော့ သူများထက် ထူးတာပေါ့”

ဖဲသမား အရက်အိုးကြီးတစ်ယောက်ရဲ့စကားကြောင့်

ဆရာတုတ်ကြီးဟာ မျက်နှာတင်းမာသွားပြီး ...

“လျှာမရှည်နဲ့ဟေ့ ... ရှောက်သီးရော သံပု

ရာသီးရော ချဉ်တာခြင်း အတူတူပဲကွ၊ ငါ သန်

www.burmeseclassic.com

www.burmeseclassic.com


ရာ ငါ ညှစ်တာ ဘာဖြစ်သလဲ"

လို့ ပြန်လည်ချေပလိုက်တယ်။

"အမယ်လေးဗျ ... မျက်နှာဝါကြီး၊ တစ္ဆေ၊

သရဲ ... ပြိတ္တာမကြီး"

ရုတ်တရက် ထအော်လိုက်တဲ့ လှစံရဲ့အသံကြောင့် ဆရာ

တုတ်ကြီးဟာ လန့်ဖျပ်ပြီး 'သောက်ပလုတ်တုတ်' ... လို့ ယောင်

အော်လိုက်တယ်။

ရှာသားတွေဟာ လှစံရဲ့အသံကြောင့် စိတ်ဝင်တစားနဲ့

အနားကို တိုးကပ်လာကြတယ်။

သူကြီးအိုင်မြသင်ကိုယ်တိုင် ရင်ထဲ ထိတ်ခနဲ ဖြစ်သွား

ပြီး ...

"ဟဲ့ ... ဟဲ့ ... ဘယ်လိုပြောလိုက်တယ်၊

ဘယ်လိုမျက်နှာဝါကြီးလဲ"

လို့ ထိတ်ထိတ်ပျာပျာ မေးလိုက်တဲ့အခါ လှစံဟာ ဗြီး

...ခနဲ ငိုချလိုက်တယ်။

"ဘယ်က မျက်နှာဝါကြီးကမှာလဲ၊ သူကြီး

www.burmeseclassic.com

www.burmeseclassic.com


တို့ရွာက မီးနေသည်မပေါ့၊ ကျုပ် ... ကျုပ်ကို ရိုးပြတ်ထဲမှာ ချောက် ... ချောက်တယ်ဗျ၊ မျက်လုံးကြီးရဲပြီး ဆံပင်ဖားလျားကြီးနဲ့ဗျ၊ မျက်နှာကြီးကို ဝါထိန်နေတာပဲ၊ ကံကောင်းလို့ ကျုပ်အသက်မထွက်တာ၊ အီး ... ဟီး ... ဟီး"

လှစံရဲ့စကားကြောင့် ရွာသားတွေဟာ ကြက်သီးဖျန်းဖျန်းထ,မတတ် ထိတ်လန့်သွားကြကုန်တယ်။

အိုင်ဩင်က မျက်မှောင်ကြုတ်လျက် လှစံကို စူးစိုက်ကြည့်ရင်း ...

"မဖြစ်နိုင်လိုက်တာ၊ မောင်ရင့်လို လူမှန်းသူမှန်းမသိအောင် မူးရူးနေတဲ့ လူရဲ့စကားဟာ ဘယ်လိုမှ လက်ခံနိုင်စရာ အကြောင်းမရှိဘူး၊ ပြီးတော့ ... မိဝေဟာ မကျွတ်လွတ်တဲ့ဘဝကို ရောက်နေတယ်ဆိုရင်တောင် သူ့မှာ မအေကြီးတစ်ယောက်လုံး ငုတ်တုတ်ရှိသေးတယ်၊ သူ့မအေကိုပဲ ကိုယ်ရောင်ပြမှာပေါ့၊ မောင်ရင့်လို

www.burmeseclassic.com

www.burmeseclassic.com


တစ်ရွာသားကို အယောင်ပြတယ်ဆိုတာ အခိပ္ပာယ်မရှိဘူးကွဲ့."

လို့ တွေးတွေးဆဆ ပြောလိုက်တယ်။

လှစံတစ်ယောက် ကြောက်အားငယ်စိတ်ကြောင့် ကျလာတဲ့ မျက်ရည်တွေကို ပုဆိုးနဲ့ ဆွဲသုတ်ရင်း ...

"တစ္ဆေသရဲခြောက်တဲ့ကိစ္စကို မဟုတ်ဘဲနဲ့ လုပ်ကြံပြောပါ့မလား၊ အီး ... ဟီး ... ဟီး၊ ဒီမှာဖြင့် အသက်လုပြီး ပြေးလာရတာ၊ တော်ပြီ ... ဘယ်တော့မှ ဒီရွာကို မလာတော့ဘူး၊ အိမ်ရောက်ရင် မိန်းမကလည်း ဒီအချိန်မှ ပြန်လာရမလားဆိုပြီး ထုထောင်းဦးမယ်၊ ခင်ဗျားတို့ ကျုပ်ကို ပြန်ပို့ပေးကြ၊ ကျုပ်ပြန်မယ်ဗျ၊ အီး ... ဟီး ... ဟီး"

လို့ ငိုကြီးချက်မနဲ့ ပြောလိုက်တော့တယ်။

မြေခဲတွင်း ရွာသူရွာသားတွေဟာ လှစံရဲ့ အရူးတစ်ယောက်လို ဖြစ်နေတဲ့ ပုံကိုကြည့်ပြီး ကြောက်အားထက် ရယ်

www.burmeseclassic.com

www.burmeseclassic.com


အား သန်သွားကြတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"လှစံ ... ခြောက်လှန့်ခံရတာ တကယ်လား?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

www.burmeseclassic.com

www.burmeseclassic.com

ဝေလိုက်တစ်ယောက် သူကြီးရဲ့ခိုင်းစေမှုကြောင့် တစ်ဖက်ရွာကို အကြွေးတောင်းထွက်ခဲ့တယ်။

အကြွေးတောင်းရမယ့် လယ်ရှင်ကြီးဟာ စပါးအဝယ်တစ်ဦးနဲ့ စကားပြောနေတဲ့အတွက် အချိန်ကြာမြင့်စွာ ဆိုင်းစောင့်ခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုမှ ထိုင်မစောင့်နိုင်တော့တဲ့အဆုံး ပျဉ်ထောင်အိမ်ကြီးရဲ့ အပေါ်ထပ်ကို တက်သွားပြီး ...

"ကဲ ... လယ်ရှင်ကြီးရေ ... အပြင်မှာလည်း မှောင်တော့မယ်ဗျ၊ ကျုပ် အပြန်နောက်ကျရင် သူကြီးက ကြိမ်းလိမ့်မယ်၊ သူကြီးအိုင်မြသင် အကြောင်း လယ်ရှင်ကြီး သိတယ်မဟုတ်လား၊ စိတ်သိပ်ကြီးတာနော်၊ သူရောက်လာရင် အော်လား၊ ဟစ်လားလုပ်ရင် လယ်ရှင်ကြီးပဲ သိက္ခာကျလိမ့်မယ်ဗျ၊ ငွေပေးပေတော့"

လို့ ခပ်တည်တည်နဲ့ တောင်းလိုက်တယ်။

လယ်ရှင်ကြီးဟာ ရယ်ကျဲကျဲအမူအရာနဲ့ ...

"ဟုတ်ပါ့ မောင်ရင်ရယ်၊ ကျုပ်ဖြင့် ဒီက ပွဲစားကြီးနဲ့ မျက်နှာဖြူတွေအကြောင်း ပြောဆိုနေတာနဲ့ မောင်ရင့်ကို မေ့သွားတယ်၊ စိတ်မရှိပါနဲ့ကွယ်၊ ရော့ ... ရော့ ... ဒီမှာ သူကြီးကို ပေးရမယ့်ငွေတွေ"

www.burmeseclassic.com

လို့ ပြောရင်း ငွေထုတ်ပေးတယ်။

ငတိုးလည်း ငွေကို လွယ်အိတ်ထဲထည့်ပြီး လယ်ရှင်ကြီး ရဲ့အိမ်က ထွက်ခဲ့တယ်။

ရွာထိပ်ထန်းတောကို ရောက်တဲ့အခါ ရွာသားတစ်စုက လှမ်းခေါ်ပြီး ညည့်ခံတဲ့အတွက် ထန်းရည်သောက်ပြီး ပြန်ခဲ့ တယ်။

ရွာနှစ်ရွာအကြား တောလမ်းရောက်တော့ မိုးစုန်းစုန်း ချုပ်နေချေပြီ။

ငတိုးဟာ လွယ်အိတ်ကို စလွယ်သိုင်းရင်း ခပ်သု သုတ် လျှောက်ခဲ့တယ်။

တောလမ်းရဲ့အဆုံး ရိုးပြတ်ရောက်ချိန်မှာတော့ ...

"ဟော့ကောင် ငတိုး ... ငတိုး ... ငတိုး ...

ငတိုး"

ဆိုတဲ့ ပဲ့တင်ထပ်သံလို ခေါ်တဲ့အသံကို ကြားလိုက် တယ်။

ငတိုးတစ်ယောက် ခြေစုံရပ်ရင်း လှည့်ကြည့်မိတ

www.burmeseclassic.com

www.burmeseclassic.com



အသံက အဆက်မပြတ် ကြားနေရပေမယ့် မည်သူမျှ မတွေ့ရ။

ထို့ကြောင့် ခေါင်းခါယမ်းလိုက်ရင်း ...

"ငါ ... ထန်းရည်မူးလို့ပဲ ကြားချင်ရာတွေ လျှောက်ကြားနေသလား၊ အို ... ကြာပါတယ် ငါ့လမ်း ငါသွားတာပဲ ကောင်းတယ်"

လို့ တွေးလျက် ခြေလှမ်းကျဲကြီးနဲ့ ဆက်လျှောက်သွား တယ်။

'ဖျောက် .. ဖျောက် .. ဖျောက် .. ဖျောက် .. ဖျောက် .. ဖျောက်"

သစ်ကိုင်းနင်းသလို၊ သစ်ရွက်ခြောက်နင်းသလို ကြားရ တဲ့အသံကြောင့် လွယ်အိတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း ရှုတ်ခနဲ လှည့်ကြည့်မိတယ်။ ဒါပေမဲ့ ဘယ်သူမှ မရှိဘူး။

ငတိုးတစ်ယောက် ထိုအဖြစ်ကြောင့် မကြောက်တတ် သော်ငြား ခေါင်းနားပန်းကြီးသွားသလို ခံစားလိုက်ရတယ်။

တရိပ်ရိပ်တက်လာတဲ့ ထန်းရည်ခါးအရှိန်နဲ့ ခြေလှမ်း

www.burmeseclassic.com

www.burmeseclassic.com


တွေ ပိုမြန်သွားတယ်။

သူ့အနောက်က လိုက်ပါလာတဲ့ တဖျောက်ဖျောက် အသံကြီးကတော့ ကြားနေရဆဲ။

မြေခဲတွင်းရှာအဝင် တပင်တိုင်နတ်ကွန်းနားရောက်မှ ထိုအသံကြီးက ပျောက်သွားသလို ခံစားလိုက်ရတယ်။

ဒီအချိန်မှာပဲ တောဘက်က ပြန်လာတဲ့ လှည်းတစ်စီးကို တွေ့လိုက်ရတယ်။

သူ ... အားတက်သွားပြီး လှည်းကို အော်ဟစ်တားလိုက်ရင်း လှည်းပေါ် ပြေးတက်ခဲ့တယ်။

"ဘယ်လိုဖြစ်တာလဲ ငတိုးရ ... ချွေးတွေ ရွှဲလို့ပါလား"

လှည်းသမားဘမောင်ကြီးရဲ့ ငတိုးဟာ လှည်းပေါ် ခြေပစ်လက်ပစ် ထိုင်ရင်း သူကြုံခဲ့တဲ့အဖြစ်ကို ပြောပြလိုက်တယ်။

သူ့ရဲ့စကားကြားတဲ့အခါ အမောင်ကြီးဟာ ပါးစပ်က ဆေးတံကြီး လွတ်ကျမတတ် အံ့သြထိတ်လန့်သွားတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၃)

www.burmeseclassic.com

www.burmeseclassic.com

**နောက်တစ်နေ့**ရောက်တဲ့အခါ ဘမောင်ကြီးရဲ့ သတင်းဖြန့်မှုကြောင့် ငတိုး ကြုံခဲ့တဲ့ဖြစ်ရပ်က တစ်ရွာလုံး ပျံ့နှံ့သွားတယ်။

ရွာသူတချို့ဟာ သူကြီးအိုင်မြသင်ဆီ သွားကြရင်း ...

"ကျုပ်တို့ရွာမှာ အပမှီနေပြီ သူကြီး၊ ဒါဟာ

www.burmeseclassic.com

www.burmeseclassic.com


မိဝေ ကလေးအမြွှာမွေးလို့ ဖြစ်ရတာ၊ ငတိုးကြီး ... ညက ရိုးပြတ်မှာ ခြောက်လှန့်ခံရတယ် တော့၊ ရိုးပြတ်အလွန်မှာက သင်္ချိုင်းကုန်းပဲရှိ တာ၊ ငတိုးကို ခြောက်လှန့်တာဟာ လူပျိုကြီး ငဖဲပဲ ဖြစ်ရမယ်တော့၊ သူငယ်ချင်းအရင်းကြီး ဖြစ်တဲ့ ငတိုးကိုတောင် လှန့်နေပြီဆိုတော့ ... မကြာခင် တစ်ရွာလုံးကို လှန့်တော့မှာ သေချာ တယ်ရှင့်"

လို့ ထိတ်လန့်တကြီး ပြောကြသလို ...

"ဟုတ်တယ်ရှင့် ... ဟိုဘက်ရွာက လှစံ လည်း မျက်နှာဝါကြီးဆိုပြီး အဲဒီရိုးပြတ်မှာပဲ လှည့်ပြေးခဲ့ရတာ မဟုတ်လား၊ မိဝေနဲ့ငဖဲတို့ ဟာ လူတွေကို ... ကြောက်ပြီး သေအောင် ခြောက်လှန့်နေကြပြီ သူကြီး"

လို့ တစ်ယောက်တစ်ပေါက် ပြောကုန်ကြတယ်။

အိုင်မြသင်ဟာ ပြောင်းဖူးဖတ် ဆေးလိပ်ကြီးကို အငွေ့

www.burmeseclassic.com

www.burmeseclassic.com

ထောင်းထောင်းထအောင် ဖွာရှိုက်နေရာက ...

"မဖြစ်နိုင်ပါဘူးအေ၊ ကျုပ်တို့ သရုပါ တံခါးစောင့်နတ်ကိုရော၊ ရွှေမျက်နှာသခင်မကို ပါ ပ,သထားပြီးပြီပဲ၊ ဒါတွေဟာ တိုက်ဆိုင်မှု တွေပဲ ဖြစ်မှာပါ"

လို့ ပြောလိုက်တယ်။

ဒီအခါမှာ ရွာသူအဘွားအိုတစ်ဦးက ...

"ဟဲ့ အိုင်မြသင် ... မိဝေနဲ့ငဖဲဟာ နာမကျန်း ဖြစ်ရက သေခဲ့တဲ့လူတွေ မဟုတ်ဘူး၊ ဆိုင်းမ ဆင့်၊ ဗုံမဆင့် ဆိုသလို အကောင်းကြီးကနေ သေခဲ့ကြတယ် မဟုတ်လား၊ ဒီလိုသေခြင်းမျိုး ကို တချို့က အစိမ်းသေရတယ်လို့ သမုတ် ကြတယ် မဟုတ်လား၊ ခု ... ရွာထဲမှာ ဘာဖြစ် နေသလဲ ညည်းသိရဲ့လား၊ တစ်ရွာလုံး မိဝေနဲ့ ငဖဲတို့ကို လယ်ယာထဲ မဆင်းနိုင်အောင် ကြောက်လန့်ကုန်ကြပြီအေ့၊ စပါးချေးကျလို့

www.burmeseclassic.com

www.burmeseclassic.com


ဝမ်းရေးခက်ခဲရတဲ့အချိန်မှာ တစ္ဆေသရဲကြောက် လန့်လို့ လယ်ယာမဆင်းနိုင်ကြရင် တစ်ရွာလုံး ငတ်သေဖို့ပဲ ရှိတော့တယ်အေ့၊ ညည်းက ဟောဒီ မြေခဲတွင်းရွာရဲ့ လူကြီးတစ်ယောက်ပဲ အေ၊ ညည်း ဘာလုပ်ရမလဲဆိုတာ သေချာစဉ်း စားပါအေ့"

လို့ ငယ်သူငယ်ချင်းဖြစ်သူ အိုင်မြသင်ရဲ့မျက်နှာကို စူးစိုက်ကြည့်ရင်း ပြောလိုက်တယ်။

သူမရဲ့စကားကြောင့် အိုင်မြသင်ဟာ အချိန်ကြာမြင့်စွာ ငြိမ်သက်သွားတယ်။

ရွာသူတွေကို ပြန်လွှတ်ပြီး သူမ တစ်ဦးတည်း တွေး တောနေလိုက်တယ်။

ဒီနောက်မှာတော့ ခြံတံခါးကို ပိတ်ရင်း ရွာလမ်းအတိုင်း လျှောက်ခဲ့တော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"အိုင်မြသင် ... ဘယ်သွားမှာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

www.burmeseclassic.com

www.burmeseclassic.com

တိုင်မြသင်တစ်ယောက် ရွာမြောက်ပိုင်းရဲ့ အစွန်ပိုင်းကို ဦးတည်လျှောက်သွားတယ်။

အစွန်ဆုံးရှိ ခြေတံရှည်ပျဉ်ထောင်အိမ်လေးရဲ့ ခြံဝိုင်းရှေ့ရောက်တော့ ...

"နတ်ဆော် မိပန် ... နတ်ဆော် မိပန်"

www.burmeseclassic.com

လို့ အသံပြုလိုက်တယ်။

နတ်ဆော်မိပန်တစ်ယောက် ဖင်လိမ်ကျစ် လိမ်ကျစ်အမူ အရာနဲ့ အပြေးထွက်လာရင်း ...

"အလိုတော် ... ကြားသားမိုးကြိုးတော့် အိုင်
မြသင်ကိုယ်တိုင် ကျုပ်အိမ်ကို ရောက်လာပါ
လား၊ လူလွှတ်ခေါ်ခိုင်းလဲ ရရဲ့သားနဲ့ရှင်"

လို့ တအံ့တသြနဲ့ ပြောပြီး ခြံတံခါး ဖွင့်ပေးတယ်။

"ရွာထဲမှာ ဖြစ်ပျက်နေတဲ့ အကြောင်းတွေ၊
နင် သိတယ်မဟုတ်လား မိပန်၊ ဒါ့ကြောင့်
ငါ လာခဲ့ရတာပဲ"

အိုင်မြသင်ရဲ့စကားကြောင့် နတ်ဆော်မိပန်ဟာ မျက်နှာ ပျက်သွားပြီး ...

"ရွာမှာဖြစ်ပျက်နေတဲ့အကြောင်းဆိုတာက
မိဝေနဲ့ငဖဲတို့ ခြောက်လှန့်တဲ့အကြောင်းလား
သူကြီး၊ ကျုပ် ... ကျုပ်က နတ်ပဲ နိုင်တာနော်၊
တစ္ဆေ သရဲတော့ ဘယ်လိုမှ မနိုင်ဘူးတော့်၊

www.burmeseclassic.com

www.burmeseclassic.com

ကျုပ် … ကျုပ်တောင် မိဝေနဲ့ငဖဲကို ကြောက်လို့
တစ်ဖက်ရွာက နတ်တင်ဖို့ ဖိတ်တာတောင်
မသွားရဲဘူးတော့၊ ရိုးပြတ်ကြီးကို ဖြတ်သွားရ
မှာ ကြောက်လွန်းလို့”

လို့ ပြောရင်း သူမရဲ့ ဖျင်လွယ်အိတ်လေးထဲ လက်နှိုက်လိုက်တယ်။

ဒေါ်အိစာဟာ အိုင်မြသင်ကို အပ်ချည်ကြိုးအဖြူတွေ လှမ်းပေးရင်း …

“ဟောဒီ အပ်ချုပ်ကြိုးတွေကို အိုင်မြသင်
စိတ်တိုင်းကျ ဖြေလို့မရအောင် ထုံးဖွဲ့လိုက်ပါ”
လို့ ပြောလိုက်တယ်။

အိုင်မြသင်က အပ်ချည်ကြိုးတွေကို လှမ်းယူပြီး ဘယ်လိုမှ ဖြေလို့မရအောင် ထုံးဖွဲ့လိုက်တယ်။

အပ်ချည်ကြိုး သေးသေးလေးအများကြီးကို ရှုပ်ထွေးအောင် ထုံးဖွဲ့ရတဲ့အတွက် အိုင်မြသင်ရဲ့မျက်နှာတစ်ခုလုံး ချွေးစေးပြန်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com


ပြီးတဲ့အခါ ဒေါ်အိုစာက အပ်ချည်ကြိုးထုံးကို လှမ်းယူလိုက်တယ်။

လက်နှစ်ဖက်နဲ့ ဆုပ်ကိုင်ပြီး လက်ကို ပါးစပ်နားတော့ရင်း တတွတ်တွတ် ရေရွတ်လိုက်တယ်။

ကြိုးထုံးကို လက်နဲ့ ဟိုဘက် သည်ဘက် လွှဲပြောင်းပြီးရင်ခေါင်းသံကြီးနဲ့ 'အုံး' ... လို့ ရေရွတ်ပြန်တယ်။

လက်နှစဖက်နဲ့ ထပ်ပြီး ဆော့ကစားပြပြီးတဲ့အခါ ကြိုးထုံးကို အိုင်မြသင်အား လှမ်းပေးရင်း ...

"အခု ... အိုင်မြသင်ရဲ့လက်မှာ ရောက်နေတာ ကြိုးထုံးမဟုတ်ဘူး၊ ကြည့်လိုက်ပါ"

လို့ ပြောလာတယ်။

သူမ ... ယုံကြည်ခြင်း အလျဉ်းမရှိဘဲ ကြိုးထုံးကို ကြည့်လိုက်တဲ့အခါ ...

"ဟင်"

ခနဲ အထိတ်တလန့် ရေရွတ်လိုက်မိတယ်။

ရှုပ်ထွေးအောင် ချည်ထားတဲ့ ကြိုးထုံးဟာ တစ်ပင်ချင်း

www.burmeseclassic.com

www.burmeseclassic.com


ဆွဲဆန့်ထားသလို ဖြောင့်စင်းလျက် ...

"အခု အိုင်မြသင်ရဲ့လက်မှာ ရှိနေတဲ့ အပ်ချည်ကြိုးတွေဟာ ဆယ့်နှစ်ကြိုးတိတိ ရှိတယ်၊ ကျုပ်နာမည်ရှေ့မှာ ရှိနေတဲ့ ဆယ့်နှစ်ကြိုးဆိုတာ ကျုပ်ပြသတဲ့ လက်လှည့်ကို နှစ်ခြိုက်ကြတဲ့ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ပရိသတ်တွေ ပေးခဲ့တဲ့ နာမည်ပါပဲ၊ နှစ်ဆယ့်ကြိုး ဒေါ်အိုစာဆိုတာ လက်လှည့်ပညာသည်တစ်ယောက်သာ ဖြစ်တယ်"

ဒေါ်အိုစာရဲ့ ရှင်းပြမှုကြောင့် အိုင်မြသင်ဟာ နားလည်သဘောပေါက်သွားပြီး ...

"အစ်မကြီးရဲ့ပညာရပ်ကို တကယ်ကို လေးစားမိပါတယ် အစ်မကြီးရယ်၊ တကယ်တော့ လက်လှည့်ဆိုတဲ့ ပညာရပ်ဟာ တိမ်မယောင်နဲ့ နက်၊ လွယ်မယောင်နဲ့ ခက်ခဲတဲ့ ပညာရပ်ဆိုတာ ကျုပ် နားလည်သွားပါပြီ၊ ဒါနဲ့ ... အစ်မ

www.burmeseclassic.com

www.burmeseclassic.com


ကြီးက ဘယ်များ ခရီးဆက်မှာလဲရှင့်”

လို့ မေးလိုက်တဲ့အခါ ...

“ကျုပ် ပုဂံကို သွားမလို့ပါ၊ မြေးလေးကို

သတိရစိတ်နဲ့ ဒီရွာကို ခဏဝင်ခဲ့တာပါ၊

ဒေါ်အိုစာရဲ့စကားကြောင့် အိုင်မြသင်က ...

“ရောက်တုန်းရောက်ခိုက် ကြာကြာလေး

နေပါလား အစ်မကြီးရယ်၊ လိုအပ်တဲ့ အကူ

အညီရှိရင်လည်း ပြောပါ၊ အင်း ... ပြောမယ့်

သာ ပြောရတာ အစ်မကြီး ရွာမှာရှိတဲ့ အချိန်

လေးမှာ ကျုပ် ဧည့်ဝတ်မှ ကျေနိုင်ပါ့မလား

မသိဘူး၊ ကျုပ်ဘဝမှာ အခုချိန်လောက် စိတ်

ညစ်ဖွယ်ကောင်းတဲ့အဖြစ်မျိုး တစ်ခါမှ မကြုံ

ဖူးဘူး”

လို့ မျက်နှာမသာမယာနဲ့ ညည်းညူလိုက်တယ်။

ဒေါ်အိုစာဟာ မျက်မှောင်ကြုတ်ရင်း ...

“ဘယ်လိုအကြောင်းများလဲ အိုင်မြသင်၊

www.burmeseclassic.com

www.burmeseclassic.com


ကျုပ် သိခွင့်ရှိရင် ပြောပြပါလား"

လို့ မေးလိုက်တယ်။

အိုင်မြသင်က စိတ်မသက်မသာနဲ့ သက်ပြင်းချရင်း မီးနေသည်မိဝေနဲ့ လူပျိုကြီးငဖဲတို့အကြောင်းကို ပြောပြလိုက်တော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်အိုစာ ... ဘာလုပ်ပေးနိုင်မှာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)

www.burmeseclassic.com

www.burmeseclassic.com

မြေခွဲတွင်းရွာလေးရဲ့ ညချမ်းဟာ ပကတိ
တိတ်ဆိတ်ငြိမ်သက်လျက် ... ဒီအချိန်မှာပဲ ...

ရွာမြောက်ပိုင်းရှိ နတ်ဆော်မိပန်ရဲ့ အိမ်လေးအတွင်းမှ
ဓစ္စည်းများ ပစ်ပေါက်သောအသံများ ကျယ်လောင်စွာ ထွက်ပေါ်
လာတယ်။

www.burmeseclassic.com

 www.burmeseclassic.com 

အသံကြောင့် အနီးအနား ပတ်ဝန်းကျင်အိမ်များမှာ အထိတ်တလန့် ဖြစ်သွားပြီး နတ်ဆော်ရဲ့အိမ်ကို ပြေးလာကြတယ်။

"ဟင်း … ဟင်း … ဟင်း

ဟင်း … ဟင်း … ဟင်း

မကျေနပ်ဘူး … ဘယ်လိုမှ မကျေနပ်ဘူး

ဟေ့"

နတ်ဆော်မိပန်ရဲ့ ကြမ်းကို တဖျန်းဖျန်းရိုက်ပြီး ထုနှက်လိုက်တဲ့အသံကြောင့် ရွာသားတွေဟာ ခေါင်းနားပန်းကြီးသွားပြီး …

"ဟဲ့ … ဟဲ့ … မိပန် ဘာတွေ မကျေနပ်

တာလဲ၊ ဘယ် … ဘယ်သူ့ကိုလဲ"

လို့ အထိတ်တလန့် မေးလိုက်ကြတယ်။

"ဘာဟဲ့လဲ … ငါ့ကို ချက်ချင်း တောင်းပန်

စမ်း၊ နင်တို့ တစ်ရွာလုံးကို ကိုင်ထည့်လိုက်မယ်

… ဘာမှတ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com


နတ်ဆော်မိပန်ရဲ့မျက်လုံးကြီး ပြူးပြီး ပြောလိုက်တဲ့ စကားကြောင့် ရွာသူတွေဟာ ရင်ထိတ်သွားကြတယ်။

"အမယ်လေး ... ကိုင်တော့ မကိုင်ပါနဲ့ရှင်၊
အမိုက်အမဲလေးတွေမို့ မသိလို့ ပြောမိတာပါ၊
အခုကြွလာတာ ဘယ်နတ်ကြီးများလဲရှင့်၊
အမိန့်ရှိပါ ... အမိန့်ရှိပါ ဘုရား"

ရွာသူတွေရဲ့ လက်အုပ်လေးချီပြီး ပုဆစ်တုပ်ထိုင်ပြော လိုက်တဲ့ စကားကြောင့် မိပန်က တံတောင်လောက် မြောက် တက်သွားအောင် ထခုန်လိုက်တယ်။

"ဟောဒီ ပုဂံမြေတစ်ကြော အပိုင်စိုးနေတဲ့
ရွှေမျက်နှာဟဲ့ ... ရွှေမျက်နှာ၊ နင်တို့တစ်ရွာလုံး
ကို မကျေနပ်ဘူးဟေ့"

လို့ မျက်နှာထားတင်းတင်းနဲ့ ပြောလိုက်တယ်။

ရွာသူတွေဟာ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး ...

"တောင်းပန်ပါတယ် သခင်မရယ်၊ သမီး
တော်တို့ ဘာများ အမှားလုပ်မိလို့ပါလဲ၊ သ

www.burmeseclassic.com

www.burmeseclassic.com

... သခင်မ အမိန့်ရှိပါရှင်"

"အေး ... နင်တို့ မှားတာမှ အကြီးကြီးပဲ ဟေ့၊ အကြီးကြီးမှားခဲ့တာ၊ နင်တို့ရွာမှာ လမိုင်းတွေ သောင်းကျန်းပြီး ထိတ်လန့်ချောက်ချားဖွယ်တွေ ကြုံနေရပြီ မဟုတ်လားဟေ့"

"ဟုတ် ... ဟုတ်ပါတယ် သခင်မရယ်၊ မသိလို့ မိုးလင်း ... မသိလို့ မိုးချုပ်စွာ ပြုမှားပြောမှားရှိခဲ့ရင် ခွင့်လွှတ်ပေးပါ သခင်မရှင့်"

ရွာသူတွေ ထိုသို့ပြောနေချိန် ကျန်လူတွေဟာ သူကြီးအိုင်မြသင်ရဲ့အိမ်ကို ပြေးလွှားသွားပြီး ...

"သူကြီးရေ့၊ သူကြီး ... ဟိုမှာ ... ဟိုမှာ နတ်ဆော်ကြီး နတ်ဆော်ကြီး ... နတ်ပူးနေပြီ"

လို့ ပြောလိုက်ကြတယ်။

အိုင်မြသင်တစ်ယောက် ထိုအသံကြောင့် အိမ်ပေါ်မှ အပြေးအလွှား ပြေးဆင်းလာရင်း ...

"ဘာ ... နတ်ဝင်နေတယ် ဟုတ်လား၊ ဘာ

www.burmeseclassic.com

www.burmeseclassic.com


... ဘာနတ်လဲ"

လို့ မေးလိုက်တဲ့အခါ ရွာသူတွေက ...

"တခြားနတ်မဟုတ်ဘူး ... ကျုပ် ... ကျုပ်

တို့ ယုံကြည်အားထားတဲ့ ရွှေ ... ရွှေမျက်နှာ

သခင်မ ဝင်နေတယ်တော့်"

လို့ ပြောလိုက်ကြတယ်။

ဒီစကားကြောင့် အိုင်မြသင်ဟာ အကြီးအကျယ် စိတ်လှုပ်ရှားသွားပြီး နတ်ဆော်ကြီးရဲ့အိမ်ဘက်ကို အသည်းအသန် ပြေးထွက်ခဲ့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"သူတို့ရွာမှာ ဘာဆက်ဖြစ်မလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၆)

www.burmeseclassic.com

www.burmeseclassic.com

ကိုင်မြသင်တစ်ယောက် နတ်တော်မိပန်ရှေ့ ကျုံ့ကျုံ့

လေးထိုင်လျက် ...

"အမိန့်ရှိပါ အစ်မတော်၊ နှမတော်ကြီးက

ရွာရဲ့လူကြီးတစ်ယောက်ပါ၊ ရွာသားတွေ ဘာ

အပြစ်များ ကျူးလွန်ခဲ့ပါသလဲ"

www.burmeseclassic.com

www.burmeseclassic.com



လို့ စိတ်လှုပ်ရှားစွာ မေးလိုက်တယ်။

နတ်ဆော်မိပန်က တဆတ်ဆတ်တုန်ယင်နေရာက ...

"နင်တို့ ငါ့ရဲ့ လေပင်တိုင်နတ်ကွန်းမှာ ပွဲတင်တုန်းက လိုအပ်ချက် ရှိခဲ့တယ်၊ ဒါ့ကြောင့် ငါ မကျေနပ်တာ၊ နင်တို့တစ်ရွာလုံးမှာရှိတဲ့ မကောင်းဆိုးဝါးတွေကို ထကြွသောင်းကျန်းအောင် လုပ်ပစ်လိုက်မယ်၊ ဘာမှတ်သလဲဟေ့"

"ဒီလိုတော့ မလုပ်ပါနဲ့ သခင်မရယ်၊ လိုအပ်ချက်အတွက် တစ်ရွာလုံးကိုယ်စား နှမတော် တောင်းပန်ပါတယ်၊ သခင်မ ကျေနပ်အောင် နှမတော်တို့ ဘာများပြန်လုပ်ပေးရမလဲ ဆိုတာ အမိန့်ရှိပါ"

အိုင်မြသင်ရဲ့အမေးကြောင့် နတ်ဆော်မိပန်ဟာ ကိုယ်ကို ယိမ်းထိုးနေရာက ...

"စတေးမှုပြုပေးမှ ကျေနပ်နိုင်မယ်ဟေ့၊ ပြဿဒါးရက်ကျတဲ့ နေ့ဝင်ရီတရောအချိန်

www.burmeseclassic.com

www.burmeseclassic.com


တစ်ခုမှာ စျေးပွဲပြုလုပ်ပေးမှ ငါ ကျေနပ်မယ်၊ ဘယ်လိုလုပ်ရမလဲဆိုတာ ယဥ္စကို အာရုံပေးမယ်ဟော့၊ မဟုတ်လို့ကတော့ တစ်ရွာလုံး လူစိတ်ပျောက် လမိုင်းစိတ်နှောင့်ဖို့သာ ပြင်ထားပေတော့"

လို့ ပြောဆိုပြီး ကြမ်းပေါ် ခွေလဲကျသွားတော့တယ်။

ရွာသူတွေဟာ နတ်ဆော်မိပန်ကို ဆွဲလှုပ်သူလှုပ်၊ ယပ်ခတ်သူခပ်နဲ့ ဗျာများသွားကုန်တယ်။

"အမယ်လေးနော် ... ပူလိုက်တာ တစ်ကိုယ်လုံး မီးမြိုက်ခံရသလိုပဲ၊ ဟဲ့ ... ဟဲ့ ... ငါ့ကို ခုနက် နာမ်ချင်းတဲ့ နတ်က ဘာနတ်လဲအေ့"

နတ်ဆော်မိပန်ရဲ့ မသိသလို မေးလိုက်တဲ့စကားကြောင့် ရွာသူတွေက ...

"ရွှေမျက်နှာသခင်မတော့်၊ ဟိုတစ်လောက ... လုပ်တဲ့ ကန်တော့ပွဲမှာ လိုအပ်ချက်ရှိလို့တဲ့၊ ဒါ့ကြောင့် ရွာကို နှောင့်နေတာတဲ့တော်"

www.burmeseclassic.com

www.burmeseclassic.com



လို့ တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတယ်။

နတ်ဆော်မိပန်က အိုင်မြသင်ရဲ့အနား တိုးကပ်သွားပြီး

"သခင်မက ဘာတွေမိန့်သွားလဲ အိုင်မြ

သင်"

လို့ မေးလိုက်တဲ့အခါ အိုင်မြသင်က မျက်နှာ မသာ

မယာနဲ့ ...

"စတေးပွဲလုပ်ပေးမှ ကျေနပ်မယ်တဲ့၊ အဲဒါ

ဘာအဓိပ္ပာယ်ဆိုတာ ငါ နားမလည်ဘူး၊ နင့်ကို

အာရုံချပေးမယ်လို့လည်း ပြောသွားတယ်"

လို့ ပြောလိုက်တယ်။

မြေခဲတွင်း ရွာလုံးကျွတ်မျှ လူအုပ်ကြီးဟာ နတ်ဆော်မိပန်ရဲ့ခြံဝိုင်းထဲ ရောက်ရှိနေကြသလို တစ်ယောက်တစ်ပေါက် တွတ်ထိုးသံတွေနဲ့ ညံညံစီနေသလို အိမ်ပေါ်မှာလည်း အပြည့် အသိပ်။

သူတို့အားလုံး နတ်ကိုင်ခံရမယ့်အရေးကြောင့် အကြီးအကျယ် တုန်လှုပ်နေကြသလို စတေးခြင်းနဲ့ ပတ်သက်ပြီး

www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်တစ်မျိုး ထင်ကြေးပေး ပြောနေကြချိန် ...

ဒီအချိန်မှာ ဆယ့်နှစ်ကြိုးဒေါ်အိုစာဟာ အိမ်ခန်းထဲက ထွက်လာရင်း ...

"စတေးတယ်ဆိုတာ ရှေးမြန်မာဘုရင်တွေ လက်ထက်တည်းက ဘုရားတည်၊ ကျောင်းဆောက်၊ ရေတွင်းရေကန်တူးတဲ့အခါ နတ်ပသခြင်းတွေ ပြုတဲ့အခါ လုပ်လေ့လုပ်ထရှိတဲ့ အစဉ်အလာတစ်ခုသာ ဖြစ်တယ်၊ ဟောဒီ ပုဂံနယ်မြေတစ်ကြောမှာ (၁၆) ရာစုအပိုင်းတွေက မဟာဂီရိနတ် ကိုးကွယ်ပသမှုဟာ အထင်အရှား ဖြစ်ပွားခဲ့တယ်၊ မဟာဂီရိနတ်ဆိုတာက ဟောဒီတစ်ရွာလုံး ယုံကြည်အားထားနေတဲ့ သရုပါတံခါးကို စောင့်ရှောက်တဲ့ ဦးတင့်တယ်နတ်နဲ့ ရွှေမျက်နှာသခင်မဆိုတဲ့ တောင်စောင့်နတ်သမီးသာ ဖြစ်တယ်၊ သူတို့ နတ်မောင်နှမကို မဟာသီရိနတ်လို့ ခေါ်ကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်တဲ့အခါ အိုင်မြသင်အပါအဝင် ရွာသား အားလုံး လှုပ်လှုပ်ရွရွဖြစ်သွားပြီး ...

"ဟင် ... ဒါဆို ရွှေမျက်နှာသခင်မနဲ့ သရ ပါနတ်မင်းကြီးက ဆက်စပ်မှုရှိနေတာပေါ့၊ အစဉ်အဆက် ယုံကြည်ပသခဲ့ပေမယ့် ဒီ လောက်ထိ သိမထားပါဘူး၊ အသွားသိရင် ပြောပြပေးပါ"

လို့ ဝိုင်းဝန်းတောင်းဆိုလိုက်ကြတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

"မိပန် နတ်ဝင်တာ တကယ်မှ ဟုတ်ပါ့မလား?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၇)

www.burmeseclassic.com

www.burmeseclassic.com

"မြန်မာတွေရဲ့ရှေးသမိုင်းမှာ .. မဟာ ဂိရိနတ်ဟာ မင်းနဲ့ပြည်သူပြည်သားအားလုံး တစ်သားတည်း ကိုးကွယ်ပသခဲ့တဲ့ ထူးခြားတဲ့ နတ်ဖြစ်တယ်၊ တချို့ကလည်း သုံးဆယ့်ခုနစ် မင်း နတ်စာရင်းအရ မဟာဂိရိနတ်ကို နတ်တို့ ရဲ့အကြီးအကဲလို့လည်း ဆိုကြတယ်၊ မဟာဂိရိ

www.burmeseclassic.com

www.burmeseclassic.com



နတ်ကို ပုဂံခေတ် သေဥ်လည်ကြောင်မင်းလက်ထက်က စတင်ယုံကြည်ခဲ့သလို မင်းကြီးဟာ နှစ်စဉ်နှစ်တိုင်း မဟာဂီရိနတ်ကို တင်မြှောက်ပသခဲ့တယ်၊ မင်းကြီးဟာ မဟာဂီရိနတ်ရဲ့ အိပ်မက်ပေးချက်အရ ရေထဲကရတဲ့ စကားသစ်တုံးကို ပုပ္ပတောင်ကို ပို့စေပြီး မဟာဂီရိနတ်မောင်နှမရုပ်ကို ရွှေဇဝါရေးသားစေခဲ့တယ်၊ နတ်ရုပ်တော်ကို ထမ်းစင်နဲ့ ပုပ္ပားပို့ခဲ့သလို မင်းကြီးရဲ့ ကိုယ်လုပ်တော် (၇) ယောက်ကိုလည်း နတ်မောင်းမ အထိန်းအသိမ်းအနေနဲ့ တစ်ပါတည်း စေလွှတ်ခဲ့တယ်၊ မဟာဂီရိနတ်မောင်နှမရဲ့ ရုပ်ထုမျက်နှာကို ရွှေသားစစ်စစ်နဲ့ ရုပ်တုမျက်နှာကို ရွှေသားစစ်စစ်နဲ့ သွင်းလုပ်စေခဲ့တယ်၊ မြန်မာမင်းအဆက်ဆက် နှစ်စဉ်နှစ်တိုင်း ပုပ္ပားမဟာဂီရိနတ်ပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ကြတယ်၊ ဒီ့ပြင် နတ်တွေကို မယုံကြည်

www.burmeseclassic.com

www.burmeseclassic.com



လက်မခံလို့ရတယ်၊ မဟာဂီရိနတ်ကိုတော့ လက်မခံလို့မရဘူး၊ ဘာကြောင့်လဲဆိုတော့ မဟာဂီရိနတ်ဟာ မြန်မာလူမျိုးတွေရဲ့ မိရိုးဖလာရိုးရာနတ်ဖြစ်နေလို့ပါပဲ၊ ဒါ့ကြောင့်လည်း မြန်မာလူမျိုးတွေရဲ့ အိမ်တိုင်းမှာ အိမ်တွင်းနတ်အုန်းဆွဲခြင်းကို ပြုလုပ်ခဲ့ခြင်းဖြစ်တယ်၊ ရှေးတုန်းက နတ်တင်တဲ့အခါ တိရစ္ဆာန်တွေရဲ့အသက်နဲ့ ပူဇော်ပသခဲ့ကြတယ်၊ အဲဒီဓလေ့ကို ဘုရင့်နောင်လက်ထက်မှာ အကြီးအကျယ်တားမြစ်ခဲ့တဲ့အတွက် မဟာဂီရိနတ်ကို အသက်သွေးနဲ့ ယဇ်ပူဇော်သလို ပသတဲ့ဓလေ့ဟာ ကွယ်ပျောက်သွားခဲ့ရတယ်၊ ပုပ္ပားတောင်မှာ နှစ်စဉ်ကျင်းပတဲ့ မဟာဂီရိနတ်ပွဲသာ အစဉ်အလာမပြတ် ကျင်းပခဲ့ကြတယ်၊ ဒါပေမဲ့ ... အခု မျက်နှာဖြူတွေ မင်းမူနေချိန်မှာ ပုပ္ပားတောင်မှာရှိတဲ့ မဟာဂီရိနတ်ရုပ်တွေဟာ မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာဖြူတွေရဲ့ ဖျက်ဆီးဖြိုဖျက်ခြင်းခံရသလို
နတ်ပွဲလည်း မရှိတော့ပါဘူး”

ဒေါ်အိုစာရဲ့စကားဆုံးတဲ့အခါ ရွာသူရွာသားအပေါင်းဟာ မဟာဂီရိနတ်အကြောင်းမှာ မျှောပါပြီး ငိုင်တွေသွားကြတယ်။

“အစ်မကြီး ရှင်းပြမှပဲ ရွှေမျက်နှာနဲ့ သရပါ
တံခါးစောင့်နတ်ဖြစ်တဲ့ မဟာဂီရိနတ်မောင်နှမ
ရဲ့အကြောင်းကို ပြည့်ပြည့်စုံစုံ သိရတော့တယ်၊
ဒါနဲ့ ... ကျုပ်တို့က စတေးပွဲ ဘယ်လိုလုပ်ရ
မှာလဲ”

သူကြီးရဲ့အမေးကြောင့် ဒေါ်အိုစာက ...

“နတ်က ပြောသွားပြီမဟုတ်လား၊ ယဉ်ကို
အာရုံပေးမယ်လို့၊ ဒီတော့ သူ့ကိုသာ မေးကြည့်
ပေတော့”

လို့ ... ပြောဆိုပြီး အိမ်ခန်းထဲ ပြန်ဝင်သွားပိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူကြီးနဲ့ ရွာသားတွေဟာ အတွေးကိုယ်စီနဲ့ နတ်ဆော်မိပန်ရဲ့အိမ်က ပြန်သွားကြတော့တယ်"

□□□

www.burmeseclassic.com

www.burmeseclassic.com

"နတ်ဆော်ကြီးကို ... ဘယ်လိုအာရုံပေးမှာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၈)

www.burmeseclassic.com

www.burmeseclassic.com

**လိုနေ့ည** အရုဏ်တက်ချိန်မှာပဲ တစ်ရွာလုံး ချောက်ချားဖွယ် အဖြစ်အပျက်ကြီးတစ်ခု ဖြစ်ပွားခဲ့တယ်။

နတ်ဆော်မိပန်ရဲ့အိမ်က ပြန်လာပြီးတည်းက အဖျား ကိုယ်စီနဲ့ ပြန်အိပ်မရနိုင်အောင် ဖြစ်နေတဲ့ ရွာသားတွေဟာ တဘုန်းဘုန်း ပြေးလာတဲ့ အသံဗလံတွေကို ကြားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့် အသီးသီး ခြံရှေ့ထွက်ပြီး ကြည့်လိုက်တဲ့အခါ ရွာလမ်းအတိုင်း အော်ဟစ်ပြေးလာတဲ့ ရွာသားတစ်စုကိုတွေ့လိုက်ကြရတယ်။

သူကြီးကိုယ်တိုင် အိမ်ထဲက ပြေးထွက်လာရင်း ...

"ဘာဖြစ်ပြန်ပြီလဲ ... ဘယ်သူတွေလဲဟေ့"

လို့ အော်ဟစ်မေးလိုက်တယ်။

ဒီအခါမှာ ပြေးလာတဲ့ လူတွေက ...

"ကျုပ် ... ကျုပ်တို့ပါ သူကြီး၊ ရွာတောင်ပိုင်းက ဖိုးနီတို့ပါ၊ ကျုပ် ... ကျုပ်တို့ကို ရိုး ... ရိုးပြတ်မှာ ချောက်လွှတ်လိုက်တယ် သူကြီး"

လို့ ကတုန်ကယင်အသံနဲ့ ပြောလိုက်တဲ့အခါ သူကြီးနဲ့ရွာသားတွေဟာ မျက်လုံးပြူးသွားကုန်တယ်။

သူကြီးက ဖိုးနီတို့နား တိုးကပ်သွားပြီး ...

"ဟဲ့ ... အရက်နဲ့ကလည်း မွှန်နေပါလား၊ နင်တို့ မူးရူးပြီး တစ်ရွာလုံးကြောက်အောင် ချောက်နေကြတာလား၊ ထိပ်တုံးစာမိချင်ပြီး

www.burmeseclassic.com

www.burmeseclassic.com

လားဟေ့”

လို့ အသံမာမာ မေးလိုက်တယ်။

“ကြောက်အောင် ချောက်တာက ကျုပ်တို့ မဟုတ်ဘူး၊ ဟို အစိမ်းစုံတွဲက ချောက်နေတာဗျ၊ ကျုပ်တို့တစ်ဖွဲ့ ရွာမှာ အရက်ဝိုင်းဖွဲ့ပြီး ပြန်လာတာ၊ ခုတလော ရိုးပြတ်မှာ ကြမ်းနေတာ နာမည်ကြီးနေတော့ သတိထားပြီး ပြန်လာတာဗျ၊ သချိုင်းကုန်းနားရောက်တော့ မှောင်ရိပ်ထဲက တွတ်ထိုးသလို၊ ကျီစယ်သံလိုလို ကြားလိုက်ရတယ်၊ ကျုပ်တို့လည်း သရဲချောက်တဲ့နေရာမှာမှ လာခိုးတွေ့ရဲတဲ့ အတွဲကို ဂုဏ်ပြုတဲ့အနေနဲ့ ချောင်းကြည့်ဖို့ ဆုံးဖြတ်လိုက်ကြတယ်၊ ဒါ့ကြောင့် အသံကြားရတဲ့ ချုံပုပ်ထဲတိုးပြီး ကြည့် ... ကြည့်လိုက်တော့ ကျောပေးထိုင်နေတဲ့ စုံတွဲကို တွေ့ရတယ်၊ ဒီအချိန်မှာပဲ ... သူ ... သူတို့က ကျုပ်တို့ဘက်ကို လှည့် ..

www.burmeseclassic.com

www.burmeseclassic.com


လည်ပြန်ပြီး လှည့်ကြည့်တာဗျ၊ အဲ ... အဲဒီမှာ
ဘယ်သူတွေ မှတ်သလဲ"

ဖိုးနီရဲ့အပြောကြောင့် ရှာသားတွေဟာ အရမ်းစိတ်ဝင်စားသွားကြပြီး ...

"ဘယ်သူတွေလဲ"

လို့ ပြိုင်တူမေးလိုက်ကြတယ်။

ဖိုးနီက မျက်လုံးပြူးမျက်ဆန်ပြူး အမူအရာနဲ့ ရှာသားတွေကို ပြူးကြည့်ရင်း ...

"မီးနေသည်မိဝေနဲ့ လူပျိုကြီးငဖဲဗျ"

ဒီစကားကြားတဲ့အခါ ရှာသားတွေဟာ 'အမယ်လေး' ... လို့ ကြောက်လန့်တကြီး ယောင်ယမ်းအော်လိုက်ကြမိတယ်။

"မဖြစ်ဘူး ... မဖြစ်ဘူး၊ ရွှေမျက်နှာသခင်မ
ကို အမြန်ဆုံး တောင်းပန်ရတော့မယ်"

"ဟုတ်တယ်၊ ခုဆို မိဝေနဲ့ ငဖဲတို့ ခြောက်
လှန့်တဲ့သတင်းက ရှာတစ်ကြောမှာ ဟိုးဟိုး
ကြော်နေပြီ၊ စပါးပွဲစားတွေလည်း ရှာကို

www.burmeseclassic.com

www.burmeseclassic.com



အဝယ်မဆင်းရဲအောင် လန့်နေကြတယ်၊ စတေးပွဲကို အမြန်လုပ်ရမ်ယ"

"မှန်တာပေါ့တော် ... ခြောက်လှန့်ရာကနေ အသက်ပါနုတ်ရင် ခက်ချည်ရဲ့၊ ရွာမှာ အမြွာ မွေးပြီးတည်းက မကောင်းဆိုးဝါးတွေ ထကြွခဲ့တာ"

ရွာသူရွာသားတွေဟာ တစ်ယောက်တစ်ပေါက် ထင်ကြေးပေးသံတွေနဲ့ ပွတ်လောရိုက်ကုန်တော့တယ်။

❐❐❐

www.burmeseclassic.com

www.burmeseclassic.com

# "ဘာဆက်ဖြစ်မလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၉)

www.burmeseclassic.com

www.burmeseclassic.com

**နောက်တစ်နေ့** မနက်စောစောမှာတော့ နတ်ဆော် မိပန်နဲ့ ဒေါ်အိုစာဟာ သူကြီးရဲ့အိမ်ကို ရောက်လာခဲ့တယ်။

"ကျုပ်ကို ရွှေမျက်နှာသခင်မက စတော့ပွဲအတွက် အာရုံချပေးပြီတော့၊ ဒါကြောင့် သူကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာလုံးကို လူစုပေးပါ”

နတ်ဆော်မိပန်ရဲ့အပြောကြောင့် အိုင်မြသင်ဟာ ရွာခေါင်းအဖွဲ့ကို တစ်ရွာလုံးကို ဗျို့ဟစ်ခေါ်စေတယ်။

ရွာခေါင်းအဖွဲ့ရဲ့ ဗျို့ဟစ်သံကြောင့် မြေခဲတွင်းရွာသားတွေဟာ သူကြီးအိမ်ကို အုပ်စုလိုက် တဖွဲဖွဲရောက်လာခဲ့တယ်။

လူစုံတဲ့အခါ နတ်ဆော်မိပန်က လူအုပ်ကြီးရဲ့ရှေ့မှာရပ်ပြီး ...

“ရွှေမျက်နှာသခင်မက ကျုပ်ကို အာရုံချထားပြီး ဒီနေ့ဟာ ပွဲသဒါးရက် ဖြစ်တာကြောင့် ညနေ နေဝင်ရီတရောအချိန်မှာ စတေးပွဲ တောင်းပန်ပွဲကို စရလိမ့်မယ်”

လို့ ပြောလိုက်တဲ့အခါ ရွာသားတွေက ...

“စတေးတာရော ... ဘာကို စတေးရမှာလဲ”

လို့ စိတ်လှုပ်ရှားစွာ ပြန်မေးလိုက်ကြတယ်။

နတ်ဆော်မိပန်က မျက်နှာမသာမယာနဲ့ သက်ပြင်းချလိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"စတေးရမှာ တခြားမဟုတ်ဘူး၊ လူကို စတေးရမှာပါပဲ"

လို့ ပြောလိုက်တဲ့အခါ ရွာသားတွေဟာ 'ဟင်' ...ခနဲ ဖြစ်သွားကြသလို အကြီးအကျယ် ပျက်သွားကုန်းတယ်။

အိုင်မြသင်ဟာ ရင်ဘတ်ဖိမိရင်း ..

"ဘုရား ... ဘုရား ... ကြောက်ဖို့ကောင်းလိုက်တာ၊ ဟယ် ... ဘယ်လိုလူကိုများ စတေးရမှာလဲ၊ လူတစ်ယောက်လုံးကို သေအောင်သတ်ဖို့ဆိုတာ မလွယ်တဲ့ကိစ္စပဲ"

လို့ အထိတ်တလန့် ရေရွတ်လိုက်တဲ့အခါ နတ်ဆော်မိပန်က ...

"စတေးခံရမှာ တခြားလူမဟုတ်ပါဘူး၊ နတ်ဆော်မိပန်ဆိုတဲ့ ကျုပ်ကိုယ်တိုင်ပါပဲ"

လို့ ပြောလိုက်တဲ့အခါ လူအားလုံးရဲ့ တစ်ပြိုင်နက်တည်း 'ဟာ' ...ခနဲ ရေရွတ်သံကြီး ထွက်ပေါ်လာတယ်။

နတ်ဆော်မိပန်က အားလုံးရဲ့ မျက်နှာတွေကို မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com


ဖော့ကြည့်ရင်း ...

"မြေခဲတွင်းတစ်ရွာလုံးအတွက် ကျုပ်ရဲ့
အသက်ကို စတေးရတာ ကျေနပ်ပါတယ်၊
စိတ်မကောင်းမဖြစ်ကြပါနဲ့၊ အားလုံးပဲ စတေး
ပွဲအတွက် ကန်တော့ပွဲကို ပွဲပြင်ဆင်ထားကြပါ၊
မှောင်စပျိုးတာနဲ့ ရွာထိပ်က တပင်တိုင်နတ်
ကွန်းမှာ ပြန်ဆုံကြတာပေါ့"
လို့ ဆိုပြီး လေးကန်တဲ့ ခြေလှမ်းနဲ့ ထွက်ခွာသွားတော့
တယ်။

❒❒❒

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို စတေးခံရမှာလဲ?"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၀)

www.burmeseclassic.com

www.burmeseclassic.com

**ထိုနေ့ ... နေဝင်ရီတရောအချိန်**

မြေခွဲတွင်းရွာသားတွေဟာ မျက်နှာမသာမယာ လေးလံတဲ့ ခြေလှမ်းနဲ့ ရွာထိပ်ကို ထွက်ခဲ့ကြတယ်။

သူတို့အားလုံး နတ်ဆော်ကြီးအတွက် ယူကြုံးမရဖြစ် စိတ်နဲ့ စကားမပြောနိုင်အောင် ဖြစ်နေကြတယ်။

ရွာထိပ်ရှိ တပင်တိုင်နတ်ကွန်းဆီ ရောက်တဲ့အခါ အဝါ

www.burmeseclassic.com

www.burmeseclassic.com



ရောင်နတ်ဝတ်စုံနဲ့ နတ်ဆော်ကြီးကို တွေ့လိုက်ရတယ်။

နတ်ဆော်မိပန်က ရွာသားတွေ သယ်ဆောင်လာတဲ့ ပွဲကိုးပွဲကို နတ်ကွန်းရှေ့နေရာချပြီးနောက် အမွှေး ... နံ့သာတွေကို ထွန်းညှိလိုက်တယ်။

အိုင်မြသင်နဲ့ ရွာသားတွေဟာ မျက်ရည်ရစ်ဝဲနေတဲ့ မျက်ဝန်းတွေနဲ့ နတ်ဆော်မိပန်ကို ငေးစိုက်ကြည့်နေကြတယ်။

နတ်ဆော်မိပန်က နတ်ကွန်းရှေ့ချထားတဲ့ သစ်သားအခေါင်းတစ်ခုကို လက်ညှိုးထိုးရင်း ...

"ကျုပ် အခေါင်းထဲ ဝင်ရတော့မယ်၊ ကျုပ် အခေါင်းထဲရောက်သွားတာနဲ့ ရွာခေါင်းအဖွဲ့က အခေါင်းကို အဖုံးအုပ်ပြီး သံရိုက်ပိတ်ရမယ်၊ ပြီးရင် ဟိုမှာ ကျုပ်ကိုယ်တိုင် တူးထားတဲ့ မြေကျင်းထဲ ကျုပ်ရဲ့အခေါင်းကို ချပေးရမယ်၊ ပြီးတဲ့အခါမှာတော့ ရွာသူရွာသားတွေအားလုံး တစ်ယောက်တစ်လက်နဲ့ မြေကျင်းထဲ မြေဖို့ပေးရပါမယ်၊ မြေဖို့တဲ့အခါမှာ ရွှေမျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



သခင်မရဲ့ အပြစ်တော်က လွတ်မြောက်ပါစေ

လို့ ဆုတောင်းရမယ်”

လို့ ပြောလိုက်တဲ့အခါ ရွာသူအချို့ဟာ မိပန်အတွက် စိတ်မကောင်းဖြစ်ပြီး မျက်ရည်တွင်တွင် ကျသွားရှာတယ်။

နတ်ဆော်မိပန်ဟာ နေကွယ်ချိန်ကို စောင့်စားပြီး အမှောင်ထု ကြီးစိုးတာနဲ့ တစ်ပြိုင်နက် သစ်သားခေါင်းထဲ လှဲ အိပ်လိုက်တယ်။

ရွာခေါင်းအဖွဲ့ဟာ တုန်ယင်တဲ့ လက်အစုံနဲ့ အခေါင်းဖုံး ကို မ,လိုက်ကြပြီး အခေါင်းပေါ် အုပ်လိုက်ကြတယ်။

ဒီအချိန်မှာပဲ ရွာသူရွာသားတချို့ရဲ့ ဝမ်းပန်းတနည်း ရှိုက်ငိုသံတွေက ပေါ်ထွက်လာတယ်။

အိုင်မြသင်ကိုယ်တိုင် ပါးပေါ်လိမ့်ကျလာတဲ့ မျက်ရည် စကို အင်္ကျီစနဲ့ ဆွဲသုတ်နေရတယ်။

ဒေါ်အိုစာတစ်ယောက်ကတော့ နတ်ကွန်းရဲ့ မလှမ်းမ ကမ်းမှာ ရပ်ရင်း ရီဝေတဲ့ မျက်လုံးအစုံနဲ့ ငေးစိုက်ကြည့်နေရှာ တယ်။

www.burmeseclassic.com

www.burmeseclassic.com


ရွာခေါင်းအဖွဲ့ဟာ အခေါင်းကို သံရိုက်ပြီး မြေကျင်းထဲ ချချိန်မှာတော့ ငိုကြွေးသံတွေက ပိုမိုကျယ်လောင်လာတယ်။

ပြီးတဲ့အခါမှာတော့ သူတို့အားလုံး မရှင်သောနှလုံး၊ တုန်ယင်တဲ့လက်အစုံနဲ့ ကျင်းကို မြေဖို့လိုက်ကြတယ်။

တုန်ယင်အက်ကွဲနေတဲ့ … 'ရွှေမျက်နှာသခင်မရဲ့ အပြစ်တော်က လွတ်ပါစေ" … ဆိုတဲ့ အသံတွေက နတ်ကွန်းတစ်ဝိုက် ပဲ့တင်ထပ်သွားတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

"နှုတ်ဆော်မီပန် ... မသေဖြီလား?"

www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်သိမ်း

www.burmeseclassic.com

www.burmeseclassic.com

**နတ်ဆော်ကြီးပနတစ်ယောက်** ရွှေမျက်နှာသခင်မရဲ့ အပြစ်တော်က လွတ်မြောက်ဖို့ အဆုံးစီရင်သွားတဲ့ ဖြစ်ရပ်က မြေခွဲတွင်းရွာသားတွေအတွက် ပြောမဆုံးနိုင်အောင် ဖြစ်သွားကြတယ်။

နတ်ဆော်ကြီးအတွက် ရင်ထုမနာစိတ်နဲ့အတူ ရွှေမျက်

www.burmeseclassic.com



နှာသခင်မရဲ့ အပြစ်ဒဏ်က လွတ်မြောက်သွားပြီဆိုတဲ့ စိတ်ခံစားမှုကြောင့် ရွာသားတွေအားလုံး ...

သောကတစ်ဖက် စိတ်ပေါ့ပါးမှုတစ်ဖက်ကို ခံစားနေကြရတယ်။

သူတို့အားလုံး မီးနေသည်မိဝေနဲ့ လူပျိုကြီးငဖဲတို့အကြီးအကျယ် ခြောက်လှန့်ခဲ့တဲ့ ရိုးပြတ်ကြီးကို နေ့ညမရွေးရဲရဲကြီး ဖြတ်ဝံ့နိုင်ခဲ့ကြသလို ...

ရွာမှာ မကောင်းတဲ့ဓာတ်မရှိတော့ဘူးဆိုတဲ့ အသိစိတ်ကြောင့် ချောက်ချားစိတ်တွေ ကင်းစင်သွားကြတယ်။

စတေးပွဲအပြီး သုံးရက်မြောက်နေ့မှာတော့ တစ်ရွာလုံးစိတ်လှုပ်ရှားစေမယ့် အရာတစ်ခုကို ကြုံလိုက်ရတယ်။

ထိုနေ့ဟာ ဥပုသ်ရက်ဖြစ်တာကြောင့် အိုင်မြသင်နဲ့ ရွာသားတွေဟာ ရွာဦးဆရာတော်ထံ သီလတောင်းခံဖို့ အုပ်စုလိုက်ထွက်ခဲ့ကြတယ်။

ရှေ့ဆုံးက ဦးဆောင်ပြီးသွားနေတဲ့ ရွာသားကြီးတစ်ယောက်ဟာ မျက်နှာချင်းဆိုင်က လျှောက်လာတဲ့ လူကို ဇွေ

www.burmeseclassic.com

www.burmeseclassic.com


စေ့ကြည့်ရင်း ...

"အောင်မယ်လေးဗျ"

လို့ အော်ဟစ်ပြီး နောက်လှည့်ပြေးထွက်သွားတယ်။

"ဘကြီးမှုံ ... ဘကြီးမှုံ ... ဘာဖြစ်တာလဲ၊

ဘာလဲ ... ပိုးကောင်တွေ့လို့လား"

ရွာသူတွေဟာ လူအုပ်ထဲက ဖြတ်ပြေးဖို့ ပြင်တဲ့ ရွာသူကြီးကို ဝိုင်းဆွဲရင်း အထိတ်တလန့် မေးလိုက်ကြတယ်။

ရွာသားကြီးက ကြောက်လန့်တကြီး အမူအရာနဲ့ နောက်ပြန်လက်ညှိုးထိုးရင်း ...

"ဟို ... ဟိုမှာ လာနေပြီ ... လာနေပြီ"

လို့ ကတုန်ကယင်ပြောလိုက်တဲ့အခါ အားလုံးရဲ့ အကြည့်က ထိုနေရာကို ရောက်သွားတယ်။

ထိုအခါ ရွာလမ်းအတိုင်း လျှောက်လာတဲ့ အဝါရောင် နတ်ဝတ်စုံနဲ့ လူတစ်ယောက်ကို မြင်လိုက်ကြတယ်။

ရွာသားတွေ အားလုံး ... 'ဟာ' ... ခနဲ ဖြစ်သွားပြီး ...

"နတ် ... နတ်ဆော်မိပန်"

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြိုင်တူ ရေရွတ်လိုက်ကြတယ်။

ထိုလူက သူတို့အနီးကို လျှောက်လှမ်းလာပြီး ...

"ဟုတ်ပါတယ် ကျုပ် မိပန်ပါ၊ သိပ်အံ့သြ သွားကြသလား"

လို့ မေးလိုက်တဲ့အခါ သူတို့အားလုံး အံ့သြမှင်တက် သွားကြတယ်။

ဒီအချိန်မှာပဲ ...

"တကယ်တော့ ... ဒါတွေ အားလုံးဟာ ကျုပ်ရဲ့ အစီအမံပါပဲ၊ မြေခဲတွင်းရွာသားတွေရဲ့ ရင်ထဲမှာ ကိန်းအောင်းနေတဲ့ ချောက်ချားစိတ် အစွဲကို ချွတ်ဖို့ စီစဉ်လိုက်ရတာပါ"

ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

နောက်ကျောဆီက ထွက်ပေါ်လာတဲ့အသံကြောင့် ရွာသားအားလုံး ပြိုင်တူလှည့်ကြည့်မိတဲ့အခါ ဒေါ်အိုစာကို တွေ့လိုက်ရတယ်။

ဒေါ်အိုစာက နတ်ဆော်မိပန်ရှိရာ လျှောက်သွားရင်း ...

www.burmeseclassic.com

www.burmeseclassic.com


"လူတွေဟာ သမားရိုးကျမဟုတ်တဲ့ လူသေမှုတွေကို ထိတ်လန့်ကြတယ်၊ ချောက်ချားကြတယ်၊ လူတစ်ယောက် ရောဂါဘယနဲ့ သေလို့ကြောက်လန့်တာထက် မမျှော်လင့်ဘဲ ရုတ်တရက် သေဆုံးမှုမျိုးနဲ့ အများပြောကြတဲ့ အစိမ်းသေဆိုတဲ့ သေခြင်းမျိုးနဲ့ ကြုံရင် ပိုပြီး ထိတ်လန့်ချောက်ချားတတ်ကြတယ်၊ ဒီရွာမှာ မီးနေသည်တစ်ဦး သေဆုံးခဲ့တယ်၊ ပြီးတော့ ... အဲဒီမီးနေသည်ကို အရင်တည်းက ကျိတ်ပိုးခဲ့တဲ့ လူပျိုကြီးတစ်ယောက် ရုတ်တရက် သေဆုံးခဲ့တယ်၊ သူတို့နှစ်ယောက် ခြောက်လှန့်ပါတယ်ဆိုတဲ့စကားတွေကို ပြောခဲ့တဲ့လူတွေဟာ ဘုရားမကြိုက်တဲ့ သေရည်သေရက်ကို သောက်စားစုံမက်တဲ့ လူတွေချည်းပါပဲ၊ မူးယစ်နေတဲ့ လူတစ်ယောက်ဟာ စိတ်အာရုံ ထွေပြားတတ်ပါတယ်၊ အမူးသမားတွေပြောတဲ့ စကားတွေ

www.burmeseclassic.com

www.burmeseclassic.com


ကြောင့်ပဲ တစ်ရွာလုံး ချောက်ချားခဲ့ရတယ်၊ ဒါ့ကြောင့် ကျုပ်က ရွှေမျက်နှာသခင်မကို ဖန်တီးပြီး လူစတေးရမယ့် အစီအစဉ်ကို ဆွဲခဲ့ရတာပါ၊ ခုချိန်မှာ ရွာသားအားလုံးရဲ့ရင်ထဲမှာ ရွှေမျက်နှာသခင်မရဲ့ တောင်းဆိုမှုကို ပြုလုပ်ပြီးတဲ့အတွက် မကောင်းဆိုးဝါး ကြောက်လန့်စိတ်ဆိုတာ မရှိတော့ဘူး မဟုတ်လား၊ အဓိက, ကတော့ လူတွေရဲ့စိတ်ပါပဲ၊ စိတ်ဟာ ကောင်းခြင်း၊ ဆိုးခြင်း၊ ကြောက်လန့်ခြင်း၊ ရဲရင့်ခြင်း ... အရာအားလုံးကို ဖန်တီးနိုင်ပါတယ်" လို့ ပြောလိုက်တဲ့အခါ အိုင်မြသင်နဲ့ ရွာသားတွေက...

"ဒါဆို ... နတ်ဆော်က ဘယ်လိုလုပ်ပြီး အခေါင်းထဲက ပြန်ထွက်လာတာလဲ၊ အခေါင်းကို သံရိုက်ပြီးမှ မြေကျင်းထဲ ထည့်ခဲ့တာပဲ" လို့ မေးလိုက်ကြတယ်။

နတ်ဆော်မိပန်က လူအားလုံးကို ရွာထိပ်ဘက် ခေါ်

www.burmeseclassic.com

www.burmeseclassic.com


ဆောင်သွားတယ်။

တပင်တိုင်နတ်ကွန်းရှေ့ရောက်တော့ သူ့ကို မြေမြှုပ်ခဲ့တဲ့ အခေါင်းကို ပြန်တူးဖော်ခိုင်းတယ်။

ရှာခေါင်းအဖွဲ့ မြေကျင်းထဲက အခေါင်းဆယ်ပြီးတဲ့အခါ ...

"အခေါင်းထဲကို သေချာကြည့်ကြပါ၊ အခေါင်းရဲ့ဘေးဘက် ပျဉ်ချပ်ကို တံခါးလို ဖွင့်လို့ရအောင် ကျုပ်ရဲ့အဘွားက စီမံပေးထားပါတယ်၊ ဒီအတိုင်းကြည့်ရင်တော့ အခေါင်းပါပဲ၊ ဟောဒီလို လက်နဲ့ တွန်းလိုက်ရင်တော့ တံခါးလို ပွင့်သွားပါတယ်၊ ကဲ ... မြေကျင်းထဲကို ကြည့်ကြပါဦး"

လို့ ပြောပြီး မြေကျင်းဘေးကို လျှောက်သွားတယ်။ နတ်ဆော်မိပန်က မြေပေါ်ဒူးထောက်ထိုင်ရင်း မြေစြေ တွေကို ဖယ်ရှားလိုက်တယ်။

ဒီအခါ ... ပျဉ်ချပ်ကြီးတစ်ချပ်ကို တွေ့ရပြန်တယ်

www.burmeseclassic.com

www.burmeseclassic.com



၎င်းက ပျဉ်ချပ်ကြီးကို တွန်းရွှေ့လိုက်တဲ့အခါ ပျဉ်ချပ်အောက်က မြေကျင်းတစ်ကျင်းကို တွေ့ရတယ်။

"ကဲ ... ဒီလောက်ဆို ကျုပ် အခေါင်းထဲက

ဘယ်လိုထွက်ပြီး အပြင်ကို ဘယ်လိုရောက်

လာသလဲဆိုတာ အားလုံး သိကြမှာပါ"

နတ်ဆော်မိပန်ရဲ့အပြောကြောင့် ရွာသားတွေက ကျင်းထဲ ဆင်းကြည့်ကြရင်း ...

"လက်စသတ်တော့ လိုဏ်ဂူလို ဖောက်ထား

တာကို၊ နတ်ဆော်ကြီးရဲ့ဉာဏ်က တယ်ပြေး

ပါလားဗျ၊ ကျုပ်တို့ဖြင့် ဒီလိုမျိုး တစ်ခါမှ

မတွေ့ဘူးပေါင်ဗျာ"

လို့ ဝိုင်းပြောကြတယ်။

နတ်ဆော်မိပန်က ဒေါ်အိုစာရဲ့လက်ကို ကိုင်ဆွဲရင်း –

"ကျုပ်ရဲ့ ဦးနှောက်ကောင်းလို့ မဟုတ်ပါ

ဘူး၊ ကျုပ်ရဲ့အဘွား ဆယ့်နှစ်ကြိုး ဒေါ်အိုစာ

ရဲ့ အကြံဉာဏ်တွေချည်းပါပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com


လို့ ပြောလိုက်တဲ့အခါ ဒေါ်အိုစာက ...

"တကယ်တော့ ကျုပ်ဟာ ကျုပ်တို့ မျက်လှည့်သမားတွေသုံးတဲ့ မှော်သေတ္တာနည်းကို သုံးပြီး အခုလို စီစဉ်ခဲ့တာပါ၊ ကျုပ်ရဲ့ စေတနာ ပရိယာယ်ကို ရွာသားတွေအနေနဲ့ နားလည်ခွင့်လွှတ်ပေးဖို့ တောင်းဆိုပါရစေ"

ရွာသားတွေဟာ ဒေါ်အိုစာကို အပြုံးနဲ့ ငေးစိုက်ကြည့်နေကြတယ်။

"နားလည်ပါပြီဗျာ၊ ကျုပ်တို့စိတ်ထဲမှာ ရွှေမျက်နှာသခင်မကို စတေးပွဲပေးမှ ရွာမှာ ခြောက်လှန့်နေတဲ့ မကောင်းဆိုးဝါးတွေရဲ့ဘေးက လွတ်မယ်ဆိုတဲ့ အသိ၊ နတ်ဆော်ကြီး သူ့ကိုယ်သူ စတေးခံခဲ့တဲ့အတွက် ကျုပ်တို့ ယူကျုံးမရ ဖြစ်ကြပေမယ့် ရွှေမျက်နှာသခင်မက တစ်ရွာလုံးကို အပြစ်က ခွင့်လွှတ်လိုက်ပြီဆိုတဲ့ အသိ၊ ဒါတွေ အားလုံးဟာ အခုက

www.burmeseclassic.com

www.burmeseclassic.com


ကျုပ်တို့ရဲ့ စိတ်ကြောင့်ပဲဆိုတာ ကောင်း ကောင်းကြီး နားလည်သွားပါပြီ၊ ဒေါ်အိုစာဟာ ကျုပ်တို့ရဲ့ ယုံကြည်ကိုးကွယ်မှုနဲ့ ကျုပ်တို့ရင်ထဲက ချောက်ချားစိတ်ကို ပြန်ပြီး ကုစားပေးခဲ့တာပါ၊ ဒီ့အတွက် ရွာသားအားလုံးရဲ့ ကိုယ်စား ကျုပ်ကပဲ ကျေးဇူးတင်စကား ပြောပါရစေ"

အဘိုးအိုတစ်ယောက်ရဲ့စကားကို ရွာသားအားလုံး ပြိုင်တူထောက်ခံလိုက်ကြတယ်။

အိုင်မြသင်က ဒေါ်အိုစာကို ငေးစိုက်ကြည့်ရင်း ...

"ကျုပ် မဖြေရှင်းနိုင်တဲ့ အကြောင်းအရာတွေကို ဖြေရှင်းပေးခဲ့တဲ့အတွက် ရွာသားတွေရဲ့ ရင်ထဲက ချောက်ချားစိတ်ကို ပျောက်အောင် လုပ်ပေးနိုင်တဲ့အတွက် ဘယ်တော့မှ မမေ့ပါဘူး အစ်မကြီး၊ ပြောမပြနိုင်လောက်အောင် ကျေးဇူးတင်မိပါတယ်"

လို့ အလေးအနက် ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနောက်မှာတော့ ဒေါ်အိုစာဟာ မြေခဲတွင်းရှာသားတွေကို နှုတ်ဆက်ပြီး ကျောခိုင်းလိုက်တယ်။

မြေခဲတွင်းရှာက ထွက်ခွာမယ့် သူမရဲ့ခြေလှမ်းတွေက ပေါ့ပါးနေသလို ရှာသားတွေရဲ့ အပြုံးမျက်နှာတွေကတော့ သူမ မျက်ဝန်းထဲ စွဲထင်လျက် ...

□□□

“ရွှေမျက်နှာသခင်မ”

မအိုစာ

www.burmeseclassic.com